# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

**လောကဝဂ်(ဓမ္မပဒ-၁၇၀)**


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 November 2025 ၁၁၉၈၉


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

### အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့ရရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာဒေါ်ပို (မလေးပို)၊ စာရေးဆရာ ဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)၊ စာရေးဆရာ ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)၊ စာရေးဆရာ ဆရာကြီး ဦးကိုကို (ကို-တက္ကသိုလ်) နှင့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ) တို့အား ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

**ယနေ့ ဖတ်စရာ**


**ကလေးမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**
စာမျက်နှာ » ၂

**စက်မှုစုစည်းမှုဖြင့် ဖွံ့ဖြိုးရေးကို ဖော်ဆောင်ခြင်း**
ဆောင်းပါး
စာမျက်နှာ » ၆

**ရထားဖြင့် ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်**
စာမျက်နှာ » ၈




၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် MSMEs ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲ ကျင်းပစဉ်။

## ရန်ကုန်တိုင်းဒေသကြီး MSMEs တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲဖွင့်ပွဲ ပြည်သူ့ရင်ပြင်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင် MSMEs ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

ကြေးမုံ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နှောင့်ယှက်ဟန့်တားသူများအား အရေးယူ

လက်ရှိကာလသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ရက်ပေါင်း ၅၀ ကျော်သာလိုတော့သည့်ကာလဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)တို့ကျင်းပမည့် သတ်မှတ်ရက်များကို အသိပေးကြေညာထားပြီးဖြစ်သည်။ တရားဝင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးတို့သည်လည်း သက်ဆိုင်ရာနယ်မြေဒေသများအလိုက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်နေကြပြီဖြစ်သည်။

ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရာ၌ ပထမဆုံး အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် နိုင်ငံသားအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်နေချိန်တွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ရွေးကောက်ပွဲပျက်ပြားစေရန်အတွက် နှောင့်ယှက်ဟန့်တားသူများအား ဖော်ထုတ်အရေးယူကြရမည်သာဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အနေဖြင့် လိုအပ်သည့်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးလုပ်ငန်းများကိုလည်း အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်အသိပေးပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်ကြသူများအား ဖော်ထုတ်အရေးယူခြင်းများကိုဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”အရ အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၄၀ တွင် ပြစ်မှုကျူးလွန်သူ ၈၈ ဦး ရှိခဲ့ပြီး ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်မှုများရှိခဲ့ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

ရွေးကောက်ပွဲသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍများအလိုက် စည်းရုံးလှုံ့ဆော်မှု၊ အသိပညာပေးမှုများကို ပြုလုပ်ကြရသည်မှာ ဓမ္မတာဖြစ်သည်။ နိုင်ငံတော်၏အကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် နိုင်ငံသားများအနေဖြင့် ကျရာကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ခြင်းသည် နိုင်ငံသားကောင်းပီသခြင်းသာဖြစ်သည်။ နိုင်ငံသားများအနေဖြင့် မတူကွဲပြားသောစိတ်ထားများရှိမည်ဖြစ်သော်လည်း ရွေးကောက်ပွဲသည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖြစ်သဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ဆဲကာလဖြစ်သဖြင့် ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး လက်ရှိရရှိထားသောတိုးတက်မှုများကို အခြေခံပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များအပေါ် အဖျက်သမားများ၊ သောင်းကျန်းသူအဖွဲ့များ၏ နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှု၊ ဖျက်ဆီးမှုများကို လုံခြုံရေးတပ်ဖွဲ့များက ထိရောက်စွာ ရှာဖွေနှိမ်နင်းတိုက်ဖျက်လျက်ရှိရာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများကလည်း စိတ်ပျက်အားငယ်ခြင်းမဖြစ်ဘဲ နိုင်ငံတော်၏ အကာအကွယ်ပေးမှုများနှင့်အတူ ဆက်လက်၍ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်သူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ပြည်ပမှနေ၍ နှောင့်ယှက်ဟန့်တားဖျက်လိုဖျက်ဆီးလုပ်နေမှုများအပေါ်တွင် ဝင်ရောက်မပတ်သက်ရန် လိုပေမည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နှောင့်ယှက်ဟန့်တားမှုများတွင် ဝင်ရောက်ပတ်သက်မိပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သတိချပ်ရန်လိုမည်ဖြစ်ပါကြောင်း။ ။

## ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကလော နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်အတွင်း အထင်ကရပွဲတော်တစ်ခုဖြစ်သည့် အကြိမ်(၂၀)မြောက် ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မောမြေဦးပန်းခြံအနီး မီးရှော်တိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ယှဉ်ပြိုင်သွားမည်**

၂၀၂၅ ခုနှစ် ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံအလှ ပဒေသာထွန်းညှိပူဇော်ပွဲကို ကလောမြို့ပေါ်ရပ်ကွက် ကျေးရွာများမှ မီးရှော်တိုင် ၂၁ တိုင်၊ မီးကြာစံ အလှပဒေသာအဖွဲ့ ၂၁ ဖွဲ့တို့က နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ သတ်မှတ်ရက်အလိုက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံအလှ ပဒေသာထွန်းညှိပူဇော်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခုနှစ် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မီးပုံးပျံငယ် အလုံး ၇၀၀ လွှတ်တင်သွားမည်ဖြစ်ကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များကို နာမည်ကျော်အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ယခင်နှစ်ထက် ပြိုင်ပွဲဝင် မီးရှော်တိုင် ထပ်တိုးလာခြင်းကြောင့် ပွဲတော်အားခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**ကျော်ဝင်း(ကလော)**




## မယ်ဆိုင်ချောင်းရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့ (လွယ်တော်ခမ်းကျေးရွာ)၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ **မိုး/ဇလ**

## ၁ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



○ ၂၀၂၄ မှ

ထိုနည်းတူ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုတွင် ရဲမင်းစိုး ရေးသားသည့် **လေလှိုင်းကြားက အသက်ရှူသံများနှင့် (စစ်သည်နှလုံးသားခံစားချက်ဝတ္ထုတိုများ)** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် ဇော်မင်းမင်းဦး ရေးသားသည့် **နယ်နိမိတ်နဲ့စည်းရိုး** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် ငွေးကြည် (စလင်း) ရေးသားသည့် **လက်ဖျော်ကော်ဖီ** စာအုပ် (ဆောင်းစုရတီစာပေတိုက်)၊ စာပဒေသာဆုတွင် မောင်ရိုး(ငဖဲ) ရေးသားသည့် **လွမ်းရတမ်းတပ့် ငဖဲမြေ ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့-၂** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ ကလေးစာပေဆုတွင် သက်ဦးခင် ရေးသားသည့် **မြန်မာ့ရတနာ ကလေးကဗျာများ** စာအုပ် (စာပေဗိမာန်)၊ ဘာသာပြန်(သုတ)ဆုတွင် သက်ထွန်းဦး ရေးသားသည့် **လုပ်ငန်းငယ်များအတွက် မရှိမဖြစ် ဘဏ္ဍာရေးစီမံခန့်ခွဲမှုလမ်းညွှန်** (ဇာတိမြေစာပေတိုက်)၊ ဘာသာပြန် (ရသ)ဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **ခေတ်အဆက်ဆက်နှစ်သက်စရာတရုတ်ကဗျာများ** စာအုပ် (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် အထူးဆုအနေဖြင့် တာမိုးညဲသီဟလွင် စီစဉ်ပူဇော်ပြီး တင်အောင်ထွန်း(သုတေသန) ရေးသားသည့် **ဗုဒ္ဓသာသနာထွန်းလင်းဖြာ** စာအုပ် (တာမိုးညဲစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဖိစီးမှုရှင်း သောကကင်း** စာအုပ် (သုတစွယ်စုံစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **ခေတ်သစ်လူထုသိပ္ပံကျမ်း**စာအုပ်(စာပေဗိမာန်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်) ရေးသားသည့် **မူးယစ်ဆေးစွဲခြင်းဆိုင်ရာသိပ္ပံပညာ** စာအုပ် (ရှင်မတောင်စာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် အလင်းဆက် (IR) ရေးသားသည့် **အင်ဒို-ပစိဖိတ်ဒေသ တရုတ်နှင့် အမေရိကန် မဟာဗျူဟာအခင်းအကျင်း** စာအုပ် (Satori Publishing စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ (သုတ)ဆုတွင် Mra Hninzi ရေးသားသည့် **Myanmar Postage Stamps** စာအုပ် (တာမိုးညဲ စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး)ဆုတွင် မင်းချမ်းမွန် ရေးသားသည့် **ကျွန်တော် တတိယ ရန်ကုန်မြို့တော်သား(ရသအက်ဆေးများ)** စာအုပ် (မင်းနှင့်မေစာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် DR. KHIN MAUNG LWIN (FAME) ရေးသားသည့် **MYANMAR MEDICINAL PLANT ENCYCLOPEDIA** စာအုပ် (Fame Publishing House စာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၃၀ ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ငွေကျပ် သိန်း ၄၀ တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်းသိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူးတယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံ ဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့် ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ကိုရွှေသံ (မြန်မာစာ)၏ **အပွမာဒေန သမ္ပာဒေထ**၊ ဒုတိယဆုကို မင်းဇေဒါ(ပွင့်ဖြူ)၏ **ကင်မရာတစ်ဆိုင်းကလောင်တစ်ချောင်းဖြင့် မိုင်ပေါင်းရာထောင်ချီ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နိုင်မျိုးသစ္စာ (နမ္မတူ)၏ **ရှေ့နေမဟုတ်သော ရှေ့နေဝတ္ထုတိုများ**၊ ဒုတိယဆုကို ကျော်တေဇ (ဥက္ကလာ)၏ **အတ္တမုန်တိုင်းကြားက နှလုံးသားပျိုးပင်နှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို နန္ဒာခင်(သက္ကလမြေ)၏ **ပိုးနှင့် အခြားသုတ၊ရသဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာ ပေါင်းချုပ်ဆုတွင် ပထမဆုကို ငွေးသစ်လွင် (ပရိမ္မ)၏ **ထနောင်းမြထီး ဘဝခရီးကဗျာများ**၊ ဒုတိယဆုကို ယိမ်းနွံ့၏ **သန္တရသ ခွန်အားပေးကဗျာများ**၊ တတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **ရွှေပြည်မြန်မာအလှပဒေသာနှင့် လောကအလှကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **တွံတေးမြေမှာပွင့်လန်း တစ်ပွင့်ပန်း အာဇာနည် သို့မဟုတ် အောင်ဆန်းသူရိယ ဗိုလ်မှူးအေးချို**၊ ဒုတိယဆုကို ဆွေဇင်ညွှန့်၏ **မှတ်သားလေ့လာသမိုင်းသုတအဖြာဖြာ (ဆောင်းပါးပေါင်းချုပ်)**၊ တတိယဆုကို မောင်သာ(ရှေးဟောင်းသုတေသန)၏ **ကုန်းဘောင်နှင့် ကိုလိုနီခေတ်လက်ရာ ထင်ရှားသော သစ်သားအဆောက်အအုံများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုး သိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆု(ရိုးရိုး)ကို ဒေါက်တာမြင့်သန်း၏ **အာရုံနှင့် စိတ်တို့ ဖြစ်ပျက်ရာဦးနှောက်**၊ ဒုတိယဆု (အသုံးချ)ကို တိုးနိုင်ငွေး၏ **ဘာကြောင့် ရေအားလျှပ်စစ်ကို ရွေးချယ်သင့်သလဲ**နှင့် တတိယဆု(အသုံးချ) ကို ရတနာစိုး (အမျိုးသားစာပေဆုရှင်)၏ **ကျန်းမာဖွံ့ဖြိုး၊ ဝင်ငွေတိုး၊ ပင်မှည့်စိုက်ပျိုး** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို တက္ကသိုလ် မြမဉ္ဇူ၏ **အပြစ်မမြင် လမ်းသစ်ထွင်ကာ ညီညာဖြဖြ-တူလျှောက်ကြစို့**၊ ဒုတိယဆုကို သုတေသီမောင်ဟန်၏ **မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် အမေရိကန်ရောက် မြန်မာပညာတော်သင်တစ်ဦး၏ မှတ်တမ်း**၊ တတိယဆုကို ဒေါက်တာကောင်းစံ၏ **အတွေ့အကြုံအဖုံဖုံ၊ စစ်မြေပြင် ဆေးမှူးဘဝမှတ်တမ်းစုံ** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို စောပုလဲမယ်၏ **ရွှေတိဂုံစေတီတော် ဆီမီးခုံပတ်လည် မြန်မာမှု စဉ့်အနုပညာလက်ရာများ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို စစ်တွေညိုသန့်၏ **သားသမီးအလိမ္မာကလေးကဗျာများ**၊ ဒုတိယဆုကို ခိုင်ချစ်အောင်၏ **ဝီရိယရှိသူ ထိပ်ဆုံးလူကလေးကဗျာများ**၊ တတိယဆုကို ခင်ဇော် (သီတာကုန်းပြင်)၏ **အရသာရှိသော အောင်မြင်မှုနှင့်အခြားစာစုများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ကိုကေအီး (နိဗ္ဗာန်)၏ **တွန်းအား**၊ ဒုတိယဆုကို ထွဋ်မှူးဦးဇေယျာ၏ **စာရူးပေရူးမလေးနှင့် လူငယ်ဝတ္ထုတိုများ**၊ တတိယဆုကို ခင်လေး (ပြည်ထောင်စုနယ်မြေ)၏ **ချစ်လှစွာသော မြန်မာမလေးသို့ ...** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို အောင်နိုင်သူ (ဖွဲ့ကပင်)၏ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် စစ်ရေး၊ နိုင်ငံရေးဆောင်းပါးများ** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို တင်တော်၏ **မထိလာ ကန်ပေါင်ထက်က.. အနိရုဒ္ဓရဲ့လွမ်းချင်းနှင့်** တတိယ ဆုကို ရဲနွယ်မောင် (သုံးဆယ်)၏ **အကြင်နာပန်းတို့လန်းပါစေ** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို အေးသန္တာမောင်၏ **စိတ်လမ်းညွှန်မြေပုံ စိတ်မျက်နှာဖုံး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို **Researcher Maung Han ၏ My Memoir of Archaeological Excavations at Kambawza-thardi Palace Site** စာမူကလည်းကောင်း၊ ရသစာတမ်းဆုတွင် ဒုတိယဆုကို သုတိဩဘာ (ဆင်ပေါင်ဝဲ)၏ **ရွာဦးကျောင်းဆရာတော် တစ်ပါး၏ ဘဝမှတ်တမ်း**စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ပထမဆု ငွေကျပ်သိန်း ၂၀ ၊ ဒုတိယဆု ၁၅ သိန်းနှင့် တတိယဆုကို ၁၀ သိန်း တိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၄ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၄၇ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့် ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈) လက်မရောင်စုံ ဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှတစ်ပတ်အတွင်း)ပေးပို့ရန်နှိုးဆော်ထားကြောင်းသိရသည်။

အဆိုပါဆုများကို ၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်(စာဆိုတော်နေ့)၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ပွဲတော်များစုံလင်စွာဖြင့် စီစဉ်ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်ထားရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်တွင် ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲနှင့် LED မီးများဖြင့် အလှဆင်ပူဇော်မှုများအပြင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ ညမီးကျည်နှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ပြိုင်ပွဲများဖြင့် စီစဉ်ကျင်းပမည်ဖြစ်ပြီး မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲများ အတွက် ဆုချီးမြှင့်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့အပြင် ညပိုင်းဈေးရောင်းပွဲတော်ကို MSME ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များနှင့် ဈေးဆိုင်ခန်းမျိုးစုံ စုစုပေါင်း ၃၀၀ ကျော်တို့ဖြင့် ဖွင့်လှစ်ရောင်းချကြမည်ဖြစ်ပြီး ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီးကားနှင့် ရထားဝိုင်း၊ ကလေးစီးလှုပ်စီနှင့် ဒုံး စသည့်ကစားနည်းများအပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့်နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်အတူ ညစဉ် သီဆိုဖျော်ဖြေကြမည်ဖြစ်သကဲ့သို့ နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ်ဇာတ်သဘင်၏ ညစဉ်ကပြတင်ဆက်မှုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိလာပါက ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့် စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့် အောင်မြင်မှုများရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစားအဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကိုတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ စတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများအား ကယ်လိုရီစံနှုန်းများနှင့်ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာ့အားကစားအောင်နိုင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်(၇)ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကူညီထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ပေးစေလိုကြောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်နှင့် ဝန်ကြီးဌာနများက ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ်ပေးပြီး သင့်လျော်သည့် ရာထူးအဆင့်များ တိုးမြှင့်ပေးခြင်း၊ အလုပ်အကိုင်များ ဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမအကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေး တက်ရောက်လာကြသူများအနေဖြင့် မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် သက်ဆိုင်ရာကဏ္ဍများအလိုက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့် ပါဝင်ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✻ ရှေ့ဖုံးမှ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူလူထုအနေနှင့် စိတ်လက်ပေါ့ပါးပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေမှုကို ကြည့်ရှုခံစားရင်း ထုတ်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရေး၊ ထုတ်လုပ်ပြသရောင်းချသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန် ပစ္စည်းများကို ကောင်းသောယှဉ်ပြိုင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့နိုင်သည့် အမယ်သစ်အရည်အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ဖြစ်ပေါ်စေပြီး MSME လုပ်ငန်းများမှာလည်း ပြည်တွင်း၌ပင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်စေရေးတို့ကိုပါ ရည်မျှော်ရေးရှုလျက် စီမံဆောင်ရွက်ထားရှိသည့် ယခုပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြရန် ပြောကြားသည်။

ထို့နောက် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲကို တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကရင်ရိုးရာအကအဖွဲ့၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအဖွဲ့များက ဖျော်ဖြေတင်ဆက်ကပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ဈေးဆိုင်ခန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး ထုတ်ကုန်ပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကြီးကို ယနေ့မှနိုဝင်ဘာ ၄ ရက်အထိ လေးရက်တိုင်တိုင် နေ့စဉ် နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများရောင်းချသည့် ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန် မြှင့်မားစေရေးအတွက် စာအုပ် အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၆၃၀ ကျော် ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် ပွဲတော်ရက်များအတွင်း MSME လုပ်ငန်းရှင်များအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို သိရှိနိုင်စေရန် Talk show အစီအစဉ်များပါဝင်ပြီး ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားလျက်ရှိသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားကာ တန်ဆောင်တိုင်ပွဲတော်ရက်တွင် မြတ်စွာဘုရားကို အလှမီးများဖြင့် ပူဇော်ခြင်း၊ တန်ဆောင်မုန်း လပြည့်နေ့နှင့် အဖိတ်နေ့များတွင် မီးပုံးပျံလွှတ်တင်မည့် အစီအစဉ်နှင့် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ပွဲတော်လာပြည်သူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် အလှူရှင်များက စတုဒိသာထမင်းများ ကျွေးမွေးကာ သွားလာရေး အဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ကားများလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **ဇော်မင်းလတ်(MNA)**




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း MSMEs ထုတ်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုစဉ်။

# စက်မှုစုစည်းမှုဖြင့် ဖွံ့ဖြိုးရေးကို ဖော်ဆောင်ခြင်း

**အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် Industrial Zones (စက်မှုဇုန်များ) တည်ရှိရုံမျှဖြင့် မလုံလောက်တော့ဘဲ Industrial Cluster (စက်မှုစုစည်းမှု) သည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။**

**သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)**

စက်မှုလုပ်ငန်းများ တစ်နေရာတည်းတွင် စုစည်းတည်ရှိရုံမျှမက လုပ်ငန်းများ အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းလုပ်ဆောင်ရန် ဖြစ်ပါသည်။ **“တစ်ခုတည်းသော စက်မှုလုပ်ငန်းပုံစံမဟုတ်ဘဲ ဆက်စပ်လုပ်ငန်းအမျိုးမျိုး ပူးပေါင်းပြီး စက်မှုစုစည်းမှုပုံစံ”** ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ပစ္စည်းရောင်းဝယ်ခြင်း၊ နည်းပညာမျှဝေခြင်း၊ အလေ့အကျင့်ကောင်းများ ပူးပေါင်းဆောင်ရွက်ခြင်း တို့ဖြင့် အကျိုးတူရရှိကြမည် ဖြစ်ပါသည်။




Industrial Cluster (စက်မှုစုစည်းမှု) ဆောင်ရွက်မှုပုံစံကို ဂျပန်နိုင်ငံတွင် ၁၉ ရာစုနှစ်ကတည်းက စတင်ကျင့်သုံးခဲ့ပြီး ဂျပန်နိုင်ငံ၏ MEIJI ခေတ်အလွန်ပေါ်ပေါက်ခဲ့သော Zaibatsu သည် စက်မှုစုစည်းမှုဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် လုပ်ငန်းစီမံခန့်ခွဲမှုပုံစံ ပြောင်းလဲလာခြင်းနှင့်အတူ **Keiretsu** ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါသည်။

စက်မှုစုစည်းမှုပုံစံသည် တည်ရှိပြီးသော ပုံစံတစ်ခုဖြစ်ပြီး လိုက်ပါဆောင်ရွက်နိုင်ခြင်းဖြင့် လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သော်လည်း အခြေခံအဆောက်အအုံ ကောင်းမွန်စေခြင်း၊ နည်းပညာပြည့်ဝစေခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေခြင်းသာမက လုပ်ငန်းများ အကြား ယုံကြည်မှုတည်ဆောက်ခြင်းလည်း လိုအပ်မည် ဖြစ်ပါသည်။

**Zaibatsu**

ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို စုပေါင်းတည်ထောင်ထားသော ကော်ပိုရေးရှင်းကို Zaibatsu ဟုခေါ်ပါသည်။ ၁၈၆၈ ခုနှစ် MEIJI ခေတ်ကို ကျော်လွန်ပြီးနောက် Zaibatsu စနစ်ကို ကျင့်သုံးပြီး လုပ်ငန်းရှင်များက ယင်းတို့၏ စွမ်းအားကိုချဲ့ထွင်ခြင်း၊ ကိုယ်ပိုင်တိုးတက်မှုအတွက် စက်မှုလုပ်ငန်းဆိုင်ရာ အခြေအနေအသစ်များကို အသုံးပြုခြင်းဖြင့် အခွင့်အလမ်းများကို ရှာဖွေခဲ့ကြသည်။ Zaibatsu သည် ၁၉ ရာစုနှစ်နောက်ပိုင်းမှ ဒုတိယကမ္ဘာစစ်အထိ ဂျပန်နိုင်ငံ၏ တိုးတက်မှုများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

Zaibatsu သည် ကော်ပိုရေးရှင်းလုပ်ငန်းများ အသွင်ပြောင်းလဲဖြစ်ပေါ်လာပြီး အရင်းအနှီးများကို မိသားစုတစ်ခု သို့မဟုတ် မိသားစုလုပ်ဖော်ကိုင်ဖက်များမှ ပိုင်ဆိုင်သော်လည်း မိခင်ကုမ္ပဏီက ဗဟိုအချက်အချာအာဏာချုပ်ကိုင်၍ ဆက်သွယ်လုပ်ကိုင်နေသော လုပ်ငန်းအသီးသီးကို ထိန်းချုပ်ခဲ့ပါသည်။ ကုမ္ပဏီခွဲများကို စက်မှုလုပ်ငန်းကဏ္ဍအမျိုးမျိုးတွင် လူနည်းစုအုပ်ချုပ်သောစနစ် (Oligopoly) အဖြစ် ဖွဲ့စည်းခဲ့ပါသည်။

အကြီးဆုံး Zaibatsu ရှစ်ခု၏ မူလစီးပွားရေးလုပ်ငန်းများမှာ–

- ✓ Mitsui: ဘဏ်လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု၊ သတ္တုတူးဖော်ရေး လုပ်ငန်း၊
- ✓ Mitsubishi: ရေကြောင်းဆိုင်ရာကုန်သွယ်မှု၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊
- ✓ Sumitomo: သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊
- ✓ Yasuda: ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊
- ✓ Asao: ဘိလပ်မြေလုပ်ငန်း၊ ရေကြောင်းဆိုင်ရာကုန်သွယ်မှုလုပ်ငန်း၊
- ✓ Furukawa: သတ္တုတူးဖော်ရေးလုပ်ငန်း၊ လျှပ်စစ်ကြေးနန်းလုပ်ငန်း၊
- ✓ Okura: ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊
- ✓ Kawasaki: ရေကြောင်းဆိုင်ရာကုန်သွယ်မှု၊ သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်း တို့ ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ်များက Zaibatsu စီးပွားရေးလုပ်ငန်းများက ဘဏ္ဍာရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် စက်မှုကဏ္ဍလုပ်ငန်းအများအပြားအပေါ် လွှမ်းမိုးခဲ့သည်။ Zaibatsu အုပ်စုတွင် Mitsubishi၊ Mitsui နှင့် Sumitomo တို့သည် အကြီးဆုံးလုပ်ငန်းသုံးခုဖြစ်ပြီး ၎င်းတို့၏ပိုင်ဆိုင်မှုသည် ဂျပန်နိုင်ငံရှိ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ရှိပါသည်။ Zaibatsu ၏ ဖွဲ့စည်းပုံသည် လုပ်ငန်းများ၏ ထိပ်ပိုင်းနေရာများကို မိသားစုဝင်များက ထိန်းချုပ်ထားသော်လည်း စီးပွားရေးစီမံခန့်ခွဲမှုအပိုင်းများတွင် မိသားစုဝင်နှင့်ဆက်စပ်မှုမရှိသော ကျွမ်းကျင်သည့် မန်နေဂျာများကို ခန့်အပ်တာဝန်ပေးထားပါသည်။

**ပိုင်ဆိုင်သူများ၏ သွင်ပြင်လက္ခဏာများ**

ဂျပန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေအနေတစ်ခုသည် မိသားစုပိုင်ဆိုင်မှုကို အထူးသီးသန့် ထိန်းသိမ်းထားသည့် စည်းမျဉ်းစည်းကမ်းများကြောင့် ဖြစ်ပါသည်။ ကုန်သည်များသည် ၎င်းတို့၏ အဖိုးတန်အရည်အချင်းများကို ၎င်းတို့၏ ဘိုးဘေးဘီဘင်များထံမှ ခြေရာလက်ရာမပျက် လက်ခံရရှိခဲ့ပြီး ထိုအဖိုးတန်အရည်အချင်းများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းဖြစ်ပါသည်။ ထို့အပြင် မိဘများထံမှ နည်းပညာသာမက မြေနှင့် ပိုင်ဆိုင်မှုများကို ရရှိခဲ့သဖြင့် စီးပွားရေးလုပ်ငန်းများကို တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ Zaibatsu ကို အောင်မြင်စေသည့် အချက်တစ်ချက်မှာ ပိုင်ရှင်၏ ရှေးရိုးစွဲဝါဒနှင့် လိုက်ဖက်ညီခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းများ အသစ်တီထွင်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**Zaibatsu ပြိုကွဲခြင်း**

ဒုတိယကမ္ဘာစစ်အတွင်း အဓိကကျသည့် Zaibatsu ၁၀ ခု၏ရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်ရင်းနှီးမြှုပ်နှံမှု၏ ၃၅ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထို့ကြောင့် Zaibatsu ကို လက်ဝါးကြီးအုပ်လုပ်ဆောင်သော ကုမ္ပဏီများအဖြစ် ရှုမြင်ကြပြီး ၎င်းတို့ကိုဖြိုခွဲရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၂၀ မှ ၁၉၃၀ ပြည့်နှစ်များအထိ ဂျပန်နိုင်ငံသည် စီးပွားရေးကျဆင်းခဲ့ပြီး ပြည်သူအများ အခက်အခဲများနှင့် ရင်ဆိုင်ရချိန်တွင် Zaibatsu မိသားစုများကို နိုင်ငံရေးသမားများက ဝေဖန်ခဲ့ကြသည်။ ထို့ကြောင့် ကုမ္ပဏီမိသားစုများက ထိပ်ပိုင်းနေရာများမှ နုတ်ထွက်ခဲ့ကြပြီး ပိုင်ဆိုင်မှုများကို ရိုးရှင်းသော စီမံခန့်ခွဲသည့် အဖွဲ့အစည်းများပုံစံအဖြစ် ပြောင်းလဲခဲ့ကြသည်။

**ဒုတိယကမ္ဘာစစ်ပြီးနောက် Zaibatsu**

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်တွင် ဂျပန်နိုင်ငံ၏ စီးပွားရေးစနစ်သည် ပူးပေါင်းစီမံခန့်ခွဲမှုစနစ်ကို ဦးတည်လာသောကြောင့် Zaibatsu ၏ အကြီးဆုံးသောကုမ္ပဏီများ ပြိုကွဲသွားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပြီး Mitsui ၊ Mitsubishi နှင့် Sumitomo တို့ ပြန်လည်ပေါ်ပေါက်လာခဲ့သော်လည်း အချို့သောကုမ္ပဏီကြီးများ ပြန်လည်ပေါ်ပေါက်လာခြင်း မရှိတော့ပေ။

**Keiretsu ပေါ်ပေါက်လာခြင်း**

Zaibatsu ပြိုကွဲသွားပြီးနောက် ပြည်တွင်း၊ ပြည်ပ အပြောင်းအလဲများကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ်ထားရှိသည့် စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ပါသည်။ Zaibatsu ပုံစံမှ သွေဖည်လာပြီး ပိုင်ဆိုင်မှုပုံစံသည် ဝါစဉ်လိုက်ပိုင်ဆိုင်မှုစနစ် (Hierarchical System)မှ လုပ်ငန်းတွင်းပိုင်ဆိုင်မှု (Inter–locking Ownership) ပုံစံသို့ပြောင်းလဲလာခဲ့သည်။ လုပ်ငန်းအုပ်ချုပ်မှုသည် ဥက္ကဋ္ဌကြီးကြပ်သည့်အဖွဲ့ပုံစံ ဖြစ်လာပြီး အုပ်စုတစ်ခုချင်းစီတွင် အထွေထွေကုန်သွယ်မှုကုမ္ပဏီ (General Trading Company) တစ်ခုနှင့် ဘဏ်လုပ်ငန်း (Major In–house Bank) တစ်ခုအပါအဝင်ဖြင့် ဖွဲ့စည်းလာကြသည်။

အမေရိကန်နိုင်ငံ၏ ဂျပန်နိုင်ငံအပေါ်ထားရှိသည့် နိုင်ငံခြားရေးမူဝါဒကလည်း ဂျပန်နိုင်ငံ၏ စီးပွားရေးစွမ်းပကားများကို မြှင့်တင်ပေးခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ စက်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်တက်လာမှုများသည် ကိုရီးယားနှင့် စစ်ဖြစ်နေသည့်ကာလတွင်ပင် အမေရိကန်နိုင်ငံ၏ လိုအပ်ချက်များကို ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ပြည်တွင်းတွင်လည်း ၁၉၄၉ ခုနှစ် ဥပဒေနှင့် ၁၉၅၃ ခုနှစ် Antimonopoly Act တို့ဖြင့် ကန့်သတ်ချက်များကို လျှော့ချပေးခဲ့ပါသည်။ ၁၉၅၃ ခုနှစ် ဥပဒေအရ ဘဏ္ဍာရေးဆိုင်ရာကုမ္ပဏီများက ဘဏ္ဍာရေးနှင့် မသက်ဆိုင်သောကုမ္ပဏီများ၏ ရှယ်ယာများကို ၁၀ ရာခိုင်နှုန်း ပိုင်ဆိုင်နိုင်ခွင့် ခွင့်ပြုထားပြီး Stocks ကိုင်ဆောင်ထားသည့် ကုမ္ပဏီများအပေါ် တားမြစ်ချက်များကိုလည်း ဖယ်ရှားပေးခဲ့ပါသည်။

စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အစိုးရမူဝါဒများက တိုးတက်နေသည့်ကာလအတွင်း အရင်းအနှီးများကို အရန်သင့်ထားရှိစေခြင်းနှင့် လုပ်ငန်းများအုပ်စုဖွဲ့ခြင်းများကို တိုးမြှင့်လုပ်ဆောင်စေခဲ့ပါသည်။ ကိုရီးယားစစ်ပွဲပြီးဆုံးသွားပြီးနောက် အချို့စက်မှုလုပ်ငန်းကုမ္ပဏီကြီးများ၏ စွမ်းဆောင်ရည်နည်းပါးမှုကိုဖြေရှင်းနိုင်ရန် လုပ်ငန်းရှင်များအကြား ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အားပေးခဲ့ပြီး

**စာမျက်နှာ ၇ သို့** ✪

**❝စက်မှုလုပ်ငန်းများ တစ်နေရာတည်းတွင် စုစည်းတည်ရှိရုံမျှမက လုပ်ငန်းများ အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်ပါသည်။ “တစ်ခုတည်းသော စက်မှုလုပ်ငန်းပုံစံမဟုတ်ဘဲ ဆက်စပ်လုပ်ငန်းအမျိုးမျိုး ပူးပေါင်းပြီး စက်မှုစုစည်းမှုပုံစံ” ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ပစ္စည်းရောင်းဝယ်ခြင်း၊ နည်းပညာမျှဝေခြင်း၊ အလေ့အကျင့်ကောင်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အကျိုးတူရရှိကြမည်ဖြစ်ပါသည်။**

**Industrial Cluster (စက်မှုစုစည်းမှု) ဆောင်ရွက်မှုပုံစံကို ဂျပန်နိုင်ငံတွင် ၁၉ ရာစုနှစ်ကတည်းက စတင်ကျင့်သုံးခဲ့ပြီး ဂျပန်နိုင်ငံ၏ MEIJI ခေတ်အလွန်ပေါ်ပေါက်ခဲ့သော Zaibatsu သည် စက်မှုစုစည်းမှုဖြစ်❞**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၆ ရက်**

**သာ လိုတော့သည်။**

## မြိတ်မြို့၌ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြိတ် နိုဝင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင်ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အစီအစဉ်ဖြင့် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သက်ဆိုင်သူ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်း၏သက်ရောက်မှုကြောင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတများအပေါ် ဆိုးကျိုးသက်ရောက်မှု မဖြစ်ပေါ်စေရန်အတွက် အလေးအနက်ထားပြီး ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် Shan Yoma Travel & Tours Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးလှအေးက မြိတ်ကျွန်းစု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများ၊ ပင်လယ်ပြင်ရေအောက်သတ္တဝါများ ထိန်းသိမ်းကာကွယ်ရေး၊ Community Base Ecotourism ဖော်ဆောင်၍ ခရီးသွားလုပ်ငန်းတိုးတတ်ရေးနှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။



**ခိုင်ထူး(ပြန်/ဆက်)**

---

❂ စာမျက်နှာ ၆ မှ

**❝ဂျပန်နိုင်ငံ၏ ကုမ္ပဏီအချို့ ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်မှုရရှိနေခြင်းမှာ Keiretsu စနစ်အရ ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်သည်။ Keiretsu စနစ်သည် အရောင်းအဝယ်ပုံစံများထဲမှ ပုံစံတစ်ခုဖြစ်ပြီး ရောင်းသူများပူးပေါင်းဆောင်ရွက်မှု (Supplier Relationship) မှာ ပိုမိုကောင်းမွန်သည့် အရောင်းအဝယ်ပုံစံကို သတ်မှတ်ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။ ဂျပန်နိုင်ငံ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများသည် ၎င်းတို့၏ကိုယ်ပိုင် Keiretsu Network များကိုအသုံးပြု၍ ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးသူဖြစ်လာစေရန် ကြိုးစားအားထုတ်ခဲ့❞**

ပူးပေါင်းဆောင်ရွက်မှုအုပ်စုများ (Corporate Groups) ကိုလည်း ရှင်းလင်းတိကျစေရန် အစိုးရမူဝါဒများ ရေးဆွဲဆောင်ရွက်ပေးခဲ့သည့်အတွက် Keiretsu စတင်ပေါ်ထွန်းလာခဲ့ပါသည်။ Keiretsu ဆိုသည်မှာ ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်ပါသည်။

**ပေါင်းစည်းဆောင်ရွက်သော အုပ်စုများဖွဲ့စည်းခြင်း**

၁၉၅၂ ခုနှစ်နောက်ပိုင်းတွင် ပေါင်းစည်းဆောင်ရွက်မှုများအဖြစ် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ပထမနည်းလမ်းမှာ အသင်းများဖွဲ့စည်းပြီး အသင်းဝင်များနှင့် ပေါင်းစည်းဆောင်ရွက်သောကုမ္ပဏီကြီးများ၊ ဒုတိယနည်းလမ်းမှာ ပေါင်းစည်းဆောင်ရွက်သော ကုမ္ပဏီများ၏ရှယ်ယာများကို ဝယ်ယူခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး တတိယနည်းလမ်းမှာ ငွေကြေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ Keiretsu ငွေရေးကြေးရေးမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ရလဒ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သောအုပ်စုများက သမားရိုးကျဆောင်ရွက်သောလုပ်ဆောင်မှုပုံစံဖြစ်သည့် ပွင့်လင်းမှုမရှိသော ရှေးရိုးဆန်သော အုပ်စုဟောင်းများကိုဖျက်သိမ်းပြီး ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး တိုးတက်မှုရှိခဲ့သည့်ပုံစံကျင့်သုံးခဲ့ပါသည်။ ဤသည်မှာ စစ်ပြီးနောက်ပိုင်း ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မြင့်မားလာခြင်း၏ အဓိကအချက်ဖြစ်ပါသည်။ အဓိကကျသော ပူးပေါင်းဆောင်ရွက်မှုအုပ်စု ခြောက်ခုမှာ Mitsui၊ Mitsubishi၊ Sumitomo၊ Fuyo၊ Dai-ichi Kangin နှင့် Sanwa တို့ ဖြစ်ပါသည်။

၁၉၆၀ ပြည့်နှစ် ဥပဒေအရ စစ်ပြီးခေတ် Zaibatsu ၏အကြီးဆုံးစီးပွားရေးလုပ်ငန်းကြီးများဖြစ်သည့် Mitsui၊ Mitsubishi နှင့် Sumitomo ကုမ္ပဏီများပါဝင်သည့် Mitsui၊ Mitsubishi၊ Sumitomo၊ Fuyo၊ Sanwa နှင့် Dai-ichi ကုမ္ပဏီများပူးပေါင်းထားသည့် "Big Six Keiretsu" အုပ်စုပေါ်ထွက်လာခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဘဏ္ဍာရေးဆိုင်ရာ ကြီးမားသောအဖွဲ့အစည်းများသည် ပူးပေါင်းဆောင်ရွက်သည့်အုပ်စုများ၏ အုပ်ချုပ်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။

Kieretsu ကုမ္ပဏီအုပ်စုများတွင် ပါဝင်သည့် ကုမ္ပဏီများက ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်မှုသာမက အလျားလိုက်ပူးပေါင်းဆောင်ရွက်မှုများနှင့်ပါ အရင်းအနှီးနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ဆက်နွှယ်ဆောင်ရွက်ကြပါသည်။

"Big Six" လုပ်ငန်းအုပ်စု (Mitsui၊ Mitsubishi၊ Sumitomo၊ Fuyo၊ Sanwa နှင့် Dai-ichi) ၏ အလျားလိုက်ပူးပေါင်းဆောင်ရွက်မှုပုံစံသည် အရင်းအနှီးများကို အတူတကွထည့်ဝင်ကြပြီး ကြီးမားသည့် ကုန်ထုတ်လုပ်မှုကုမ္ပဏီအုပ်စုပုံစံအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ကုမ္ပဏီများသည် လုပ်ငန်းဆက်စပ်မှုပုံသဏ္ဌာန်များဖြင့် တစ်ခုနှင့်တစ်ခုဆက်နွှယ်နေသည်။

လုပ်ငန်းကြီး ခြောက်ခုတွင်ပါဝင်သော ကုမ္ပဏီတစ်ခုချင်းစီတွင် ဘဏ်၊ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီနှင့် အာမခံကုမ္ပဏီများရှိကြသည်။ ကုမ္ပဏီများအတွက် အရင်းအနှီးများမှာ ဘဏ်ချေးငွေများဖြစ်သည်။ Keiretsu အများစုသည် ကိုယ်ပိုင်ဘဏ်များရှိသောကြောင့် Stocks များပေါ်တွင် မှီခိုမှုလျော့နည်းပြီး ဘဏ်ချေးငွေများ၌သာ မှီခိုနေသည့်အတွက် ကုမ္ပဏီကို အာမခံပြု၍ ငွေချေးယူခြင်း (Leverage Ratio)ကို ပိုမိုမြင့်မားစေသည်။

Toyota Group၊ Nissan Group၊ Honda Group၊ Diahatsu Motors နှင့် Isuzu တို့၏ ဆောင်ရွက်မှုသည် ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်ပြီး အုပ်စုများ၏ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် Share များ အပြန်အလှန်ကိုင်ဆောင်ထားခြင်း၊ ဈေးကွက်ခွဲဝေပေးခြင်း၊ လုပ်ငန်းကြီးထုတ်လုပ်ခြင်းနှင့် ကုမ္ပဏီအကြီးအကဲများ အစည်းအဝေးကျင်းပခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ ကုမ္ပဏီအချို့ ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်မှုရရှိနေခြင်းမှာ Keiretsu စနစ်အရ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်သည်။ Keiretsu စနစ်သည် အရောင်းအဝယ်ပုံစံများထဲမှ ပုံစံတစ်ခုဖြစ်ပြီး ရောင်းသူများပူးပေါင်းဆောင်ရွက်မှု (Supplier Relationship) မှာ ပိုမိုကောင်းမွန်သည့် အရောင်းအဝယ်ပုံစံကို သတ်မှတ်ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။ ဂျပန်နိုင်ငံ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများသည် ၎င်းတို့၏ကိုယ်ပိုင် Keiretsu Network များကိုအသုံးပြု၍ ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးသူဖြစ်လာစေရန် ကြိုးစားအားထုတ်ခဲ့သည်။ ဥပမာအားဖြင့် Nissan Motor သည် ကမ္ဘာ့ဈေးကွက်သို့ ဦးတည်နေသော Supplier နှင့် Value-adding Supplier အများစုဆီသို့ ၎င်း၏ Supplier Relationship နည်းဗျူဟာကို ထိထိရောက်ရောက်အသုံးပြုခဲ့ကြသည်။

Keiretsu Network ကို မြှင့်တင်နိုင်ရန် ထုတ်ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်မှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်မှု၊ တည်ငြိမ်မှုနှင့် ကောင်းမွန်သောဆက်ဆံမှုများကို ရေရှည်ထိန်းသိမ်းထားနိုင်မှုစသည်တို့လိုအပ်သည့်အတွက် Keiretsu စနစ်သည် ကမ္ဘာ့လိုအပ်ချက်များကို ရရှိစေနိုင်သည့် အမှန်တကယ် ပြီးပြည့်စုံသော လုပ်ငန်းစဉ်တစ်ခုဖြစ်စေရန် ဆောင်ရွက်ခဲ့ကြသည်။

Keiretsu စနစ်သည် အုပ်စုအဖွဲ့ဝင်များဖြစ်သည့် အထောက်အကူပြုကုမ္ပဏီများအနေဖြင့် မိခင်ကုမ္ပဏီ၏ ထိန်းချုပ်မှုအောက်တွင် အလိုအလျောက်တည်ရှိစေသည့် စနစ်ဖြစ်သောကြောင့် ကုမ္ပဏီကြီးများအနေဖြင့် သီးသန့်ထိန်းချုပ်ရမည့်ပြဿနာကို ဖြေရှင်းပြီးဖြစ်နေသည်။

"Big Six" လုပ်ငန်းအုပ်စု၏ ဘဏ္ဍာရေး၊ နည်းပညာ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် အတူတကွပူးပေါင်းဆောင်ရွက်မှုနှင့် နည်းဗျူဟာပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေရုံသာမက ပြည်ပနိုင်ငံများကိုပါ အကျိုးကျေးဇူးများဖြစ်ပေါ်စေခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


**References:**

1. Artur F. Tomeczek, **"The evolution of Japanese keiretsu networks: A review and text network analysis of their perceptions in economics"** — *Japan and the World Economy* Vol. 62 (2022)
2. David A. C. Addicott, **"The Rise and Fall of the Zaibatsu: Japan's Industrial and Economic Modernization"** —*Global Tides* Vol. 11 (2017)
3. Eichengreen Barry / Tang Jiuping, **"The Role of Financial Conglomerates in Industry Formation: Evidence from Early Modern Japan"**
4. Hideaki Miyajima, **"The transformation of zaibatsu to postwar corporate groups — from hierarchically integrated groups to horizontally integrated groups"**
5. James R. Lincoln & Masahiro Shimotani, **"Whither the Keiretsu, Japan's Business Networks? How Were They Structured? What Did They Do? Why Are They Gone?"**
6. Shibagaki Kazuo, **"The Early History of the Zaibatsu"**
7. Steven Ericson, **"The Wealth of Zaibatsu Owner Families: The Impact of Zaibatsu-Busting in Occupied Japan"**

# ရထားဖြင့်ခရီးသွားပြည်သူများသို့ အသိပေးကြေညာချက်

၁။ ရန်ကုန် - နေပြည်တော် - မန္တလေးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၇)အဆန်/(၈)အစုန်၊ အမှတ်(၃၁)အဆန်/(၃၂)အစုန် DEMU ရထားများနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် RBE ရထားများဖြင့် စီးနင်းလိုက်ပါလိုကြသည့် ခရီးသွားပြည်သူများအနေဖြင့် မိမိတို့စီးနင်းလိုက်ပါလိုသည့် ခရီးစဉ်များအလိုက် ရထားလက်မှတ်များကို အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် မိမိစတင်ခရီးသွားရောက်လိုသည့် အောက်ဖော်ပြပါဘူတာများနှင့် ယှဉ်တွဲပါဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ခရီးသွားမည့်နေ့ရက်မတိုင်မီ (၅)ရက်အလိုမှစ၍ ကြိုတင်မှတ်ပုံတင်ခြင်း(Booking) ပြုလုပ်နိုင်ပါသည်-

| | |
|---|---|
| ရန်ကုန်ဘူတာကြီး -(၀၉-၈၈၀၉၄၂၆၀၈) | တိုးကြောင်ကလေးဘူတာ-(၀၉-၈၈၀၉၄၂၆၀၉) |
| ပဲခူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၆) | ဖြူးဘူတာ -(၀၉-၈၈၀၉၄၂၆၀၅) |
| တောင်ငူဘူတာ -(၀၉-၈၈၀၉၄၂၆၀၄) | ပျဉ်းမနားဘူတာ -(၀၉-၈၈၀၉၄၂၆၀၁) |
| နေပြည်တော်ဘူတာ -(၀၉-၈၈၀၉၄၂၆၀၂) | တပ်ကုန်းဘူတာ -(၀၉-၈၈၀၉၄၂၆၁၃) |
| ပျော်ဘွယ်ဘူတာ -(၀၉-၈၈၀၉၄၂၆၀၇) | သာစည်ဘူတာ -(၀၉-၈၈၀၉၄၂၆၁၀) |
| ကျောက်ဆည်ဘူတာ-(၀၉-၈၈၀၉၄၂၆၁၁) | မန္တလေးဘူတာ -(၀၉-၈၈၀၉၄၂၆၁၂) |

၂။ ခရီးသွားမည့်သူက အထက်ပါသက်ဆိုင်ရာတယ်လီဖုန်းအမှတ်သို့ ဖုန်းအဆက်သွယ်ရရှိသည့်အခါ ဖုန်းလက်ခံသည့် မီးရထားဝန်ထမ်းက အောက်ပါအချက်အလက်များကိုမေးမြန်း၍ မှတ်တမ်းတင်ထားရှိပါမည်-

(က) ခရီးသွားမည့်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

( ခ) ရထားစီးနင်းလိုက်ပါလိုသည့် နေ့ရက်၊ ခရီးစဉ်၊ ရထားအမှတ်နှင့် တွဲအတန်းအစား။

၃။ ထို့နောက် ခရီးသွားမည့်နေ့ရက်မတိုင်မီ (၃)ရက်အလိုတွင် အဆိုပါဖုန်းနံပါတ်သို့ထပ်မံ ဖုန်းဆက်သွယ်ရပါမည်။ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်းက ခရီးသွားမည့်သူ၏ ခရီးစဉ်အတိုင်း ထိုင်ခုံနေရာလစ်လပ်မှုရှိပါက ခရီးသွားမည့်သူထံသို့ Viber မှတစ်ဆင့် လက်မှတ်ကျသင့်ငွေပမာဏနှင့် MMQR Code အားပေးပို့ပါမည်။ ခရီးသွားမည့်သူက မည်သည့် Online Payment အမျိုးအစားနှင့်မဆို MMQR ဖြင့် ငွေပေးချေနိုင်ပြီး မီးရထားဝန်ထမ်းနှင့်ဆက်သွယ်မှုပြုလုပ်ပြီးသည်မှ (၁)နာရီအတွင်း ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို Screenshot ပြုလုပ်၍ ဖုန်းလက်ခံသည့်မီးရထားဝန်ထမ်း၏ အထက်ပါသက်ဆိုင်ရာဖုန်း/ Viber အမှတ်သို့ ပြန်လည်ပေးပို့ရပါမည်။ မီးရထားဝန်ထမ်းက ငွေပေးသွင်းပြီးကြောင်း အထောက်အထားရရှိပါက ခရီးသွားမည့်သူ၏ထံသို့ စီးနင်းလိုက်ပါရမည့်ခရီးစဉ်အတိုင်း တွဲ/ ထိုင်ခုံနံပါတ်တို့အား ပြန်လည်ပေးပို့ပါမည်။ ခရီးသွားမည့်သူသည် သက်ဆိုင်ရာရထားစီးနင်းမည့်ဘူတာသို့ ရထားမထွက်ခွာမီ(၁)နာရီအလို ကြိုတင်လာရောက်၍ ဘူတာလက်မှတ်ရုံ၌ ငွေပေးသွင်းပြီးကြောင်း အထောက်အထားပြသ၍ ရထားလက်မှတ်အားတောင်းခံထုတ်ယူရပါမည်။

၄။ ထို့အပြင် ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များအား ပိုမိုအဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ကြစေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်များအား Online မှ ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP ) စနစ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ပါ၍ မကြာမီကာလအတွင်း အဆိုပါစနစ်အား ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးနေသော လူစီးရထားများအတွက် ရှေ့ပြေးစမ်းသပ်အစီအစဉ်အဖြစ် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်ခအပိုကြေးပေးရခြင်း၊ လက်မှတ်မှောင်ခိုဝယ်ယူရခြင်းများကြုံတွေ့ရပါကလည်း အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်-

| | | |
|---|---|---|
| (က) | အထွေထွေမန်နေဂျာ(စီးပွားရေး) | ၀၉-၈၉၁၇၅၀၀၀၈ |
| ( ခ) | ဒုတိယအထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉-၈၉၁၇၅၀၁၃၆ |
| ( ဂ) | လက်ထောက်အထွေထွေမန်နေဂျာ(ခရီးသည်) | ၀၉- ၈၉၁၇၅၀၁၃၉ |
| (ဃ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉-၈၉၁၇၅၀၀၂၃ |
| ( င) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉-၈၉၁၇၅၀၀၂၀ |
| ( စ) | တိုင်းတာဝန်ခံ၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉-၈၉၁၇၅၀၀၁၉ |
| (ဆ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၃) မန္တလေး | ၀၉-၈၉၁၇၅၀၁၀၁ |
| ( ဇ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၄) သာစည် | ၀၉- ၈၉၁၇၅၀၁၀၃ |
| (ဈ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၅) တောင်ငူ | ၀၉- ၈၉၁၇၅၀၁၀၅ |
| (ည) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၆) ရန်ကုန် | ၀၉- ၈၉၁၇၅၀၁၀၇ |
| ( ဋ) | မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၇) ရန်ကုန် | ၀၉- ၈၉၁၇၅၀၁၀၉ |

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် အဆောက်အဦဦးစီးဌာနမှဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အဆောက်အဦဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ဆောက်လျက်ရှိသော အမျိုးသားကင်ဆာရောဂါကုသရေးဌာန(Oncology Unit)တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးတင်ပြ**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကင်ဆာရောဂါကုသရေးဌာန အစည်းအဝေးခန်းမ၌ အဆောက်အဦဦးစီးဌာန အထူးအဖွဲ့များက အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့်အညီ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို လိုက်နာကျင့်ကြံရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စည်းမျဉ်း၊ စည်းကမ်းပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် မိသားစုစိတ်မျိုးဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ပြည်သူများအားကိုးယုံကြည်ရသည့် ဝန်ထမ်းကောင်းများဖြစ်ရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ အဆိုပါ အစည်းအဝေးခန်းမ၌ အမျိုးသား ကင်ဆာရောဂါကုသရေးဌာန (Oncology Unit)ကို တာဝန်ယူတည်ဆောက်လျက်ရှိသော အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁) တာဝန်ခံအင်ဂျင်နီယာက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် (မြို့ပြ/ရေသန့်/လျှပ်စစ်) လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြရာဒုတိယဝန်ကြီးက ဆေးရုံအဆောက်အအုံအား ငလျင်ဒဏ်ခံနိုင်အောင် ထပ်မံအားဖြည့်ထားသည့် Shear Wall များ ၊ Secondary Beams များအား Structure ဒီဇိုင်းပါအတိုင်း Q.C အဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သေချာစွာဆောင်ရွက်သွားရန်၊ ကင်ဆာရောဂါကုဆေးရုံကြီးသည် ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးအထောက်အပံ့ ဆေးရုံဖြစ်သည့်အတွက် လူနာများစိတ်အေးချမ်းသာစွာဖြင့် ကုသမှုခံယူနိုင်ရန် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အလေးထားဆောင်ရွက်သွားရန်၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံအုပ်ကြီးနှင့်အတူ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (Oncology Unit) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံလှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစေရန်၊ လက်ရာများ သေသပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ အဆောက်အအုံသည် ရှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပြည်သူများ ဆောလျင်စွာ ဆေးကုသမှုခံယူနိုင်ရန် မြေညီထပ်ကင်ဆာဓာတ်ရောင်ခြည်ကုသခန်းများကို ဦးစွာတည်ဆောက်အသုံးပြုနေပြီဖြစ်ပြီး ကျန်အထပ်များကိုလည်း ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရပ်စောက်မြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ရပ်စောက်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ် ဥတ္တံတားရပ်ကွက် မြို့မအရှေ့ကွင်း နောင်မိုင်း မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းရှိ အသင်းသား ၁၉ ဦးမှ အသင်းအချင်းချင်း ပံ့ပိုးချေးငွေကျပ် ၃၁ ဒသမ ၂ သန်းဖြင့် မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း) စိုက်ဧက ၁၅၆ ဧက စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**



# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းနှင့် စက်လှေကားအသစ်ဖွင့်လှစ်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ



ပြည် နိုဝင်ဘာ ၁

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းအသစ်ဖွင့်လှစ်ခြင်းနှင့် စက်လှေကားအသစ်ဖွင့်လှစ်ခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သဲဖြူမဟာမြိုင်ဆရာတော်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူးနှင့် ရွှေဆံတော်ဂေါပကအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ "ပုညကရဏ" လေးထပ်ဓမ္မာရုံကြီး၌ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည် ။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကြွရောက်လာသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သဲဖြူမဟာမြိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ မထေရ်မြတ်ထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တောင်ဘက်စောင်းတန်းအသစ်နှင့် စက်လှေကားအသစ်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၇၇၀၀ ကျော် အကုန်အကျခံ တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဗီယက်နမ်နိုင်ငံ၌ သွန်းလောင်းထုလုပ်ပူဇော်အပ်သော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်သို့ ပင့်ဆောင်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မဟာပုညဝိဟာရ(ဗီယက်နမ်)ကျောင်းတိုက်သို့ ဗီယက်နမ်-မြန်မာ သာသနာပြုလုပ်ငန်းစဉ်အရ ဗီယက်နမ်နိုင်ငံတွင် သွန်းလောင်းထုလုပ်ပူဇော်အပ်သော ဉာဏ်တော်အမြင့် ၁၉ ပေ၊ အလေးချိန် ၈ တန်ရှိ ထိုင်တော်မူကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများ ထည့်သွင်းထားသည့် ပေ ၄၀ ကုန်သေတ္တာတစ်လုံးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ ထုတ်ယူပင့်ဆောင်ခဲ့ရာ သန်လျင်မြို့မင်းကျောင်း ပထမပြန်စာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်ကြီးအား ဖူးမြော်ခဲ့ကြသည်။

## ဖူးမြော်

ထိုင်တော်မူကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ရာသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Ly Quoc Tuan နှင့်ဇနီး၊ စစ်သံမှူး Mr. Dao Van Duy နှင့် သံရုံးဝန်ထမ်းများ၊ ပွင့်လင်းဆရာတော် ဘဒ္ဒန္တ ပညိန္ဒ၊ ပိဋကတ်သုံးပုံ နိကာယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ တိပိဋကဓရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုလန္ဒပါလ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာဝံသ၊ ဗီယက်နမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလပါ မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရောက် ဗီယက်နမ်နိုင်ငံသားများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၅၀၀ ခန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကွမ်အပ်သားမင်းသားလမ်း တစ်လျှောက်တွင် ကြိုဆိုဖူးမြော်ခဲ့ကြကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

# မြင်းခြံမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်း



မြင်းခြံ နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

ထို့နောက် (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို စုပေါင်းသွေးလှူဒါန်းသည့် ဝန်ထမ်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အားဖြည့်အချိုရည်နှင့် အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ချစ်ဦးနွေ(မြင်းခြံ)



# တောင်ဥက္ကလာပမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မီမီတင်ငွေက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# လမ်းမတော်မြို့နယ်၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ယနေ့ညနေပိုင်းက အဆိုပါ လမ်းမတော်မြို့နယ်ရှိ အနော်ရထာလမ်းမကြီးတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်လာရောက်လည်ပတ်ကြသူ ပြည်သူများဖြင့် အထူးပင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လမ်းမတော်မြို့နယ်ရှိ အနော်ရထာလမ်းတစ်လျှောက် ဝါးတန်းလမ်းထိပ်မှ လမ်းမတော် လမ်းထိပ်အထိ ဆိုင်ခန်းပေါင်း ၁၈၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိ ကြောင်း သိရသည်။

ကျော်ဆန်းမြင့်



# မင်းတုန်းမြို့၌ လက်ဖက်ရည်ဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး



မင်းတုန်း နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ လက်ဖက်ရည်ဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် လက်ဖက်ရည်ဆိုင်များ၌ အသုံးပြုသည့် ဂက်စ်မီးဖို၊ ထင်းမီးဖို၊ မီးသွေးမီးဖိုနှင့် လျှပ်စစ်မီးများကို စနစ်တကျ အသုံးပြုရေးနှင့် လိုအပ်သော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိရန်အတွက် စစ်ဆေးကြပ်မတ်ခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှု အခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှလေးပေခွဲခန့်လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် နှစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေနမြစ်ရေသည် ပုသိမ်မြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်နှင့် ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁**


ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း နိုဝင်ဘာ ၂ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




## ကရင်ပြည်နယ်အတွင်းနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ဘားအံ နိုဝင်ဘာ ၁**



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၄၈၅ ဒသမ ၈၉၆ သန်းဖြင့် မြေလမ်း ၂/၆ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၂/၀ မိုင်၊ ကွန်ကရစ်လမ်း ၁/၄ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၁/၄ မိုင်၊ သံကူကွန်ကရစ်တံတား တစ်စင်း၊ Box Culvert ၁၅ စင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းနှစ်ခု၊ ရေစင်လုပ်ငန်းတစ်ခု၊ ကျောက်ကြီးစီလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများအနက် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး-ကျော်ခို ၁၈/၄ မိုင် အနက် ၁/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၆၅၀ ဒသမ ၀၂၅ သန်းဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကာ ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးသွားပါက ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်တို့အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်အပြင် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၃၀၁၆ အိမ်၊ အိမ်ထောင်စု ၃၀၂၀၊ လူဦးရေ ၁၆၄၄၆ ဦးတို့အတွက် အကျိုးပြုပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သာယာဝတီမြို့နယ်၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ နိုဝင်ဘာ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ၊ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃၀ ရက်၌ သာယာဝတီမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း ) ရန်ပုံငွေဖြင့် Myint & Co Engineering ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်ပြည်လမ်း- မကျီးကွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး၍ လမ်းတာချဲ့ရာတွင် သတ်မှတ်အကျယ်ရရှိအောင်ဆောင်ရွက်ရန်၊ Sheet footroller သုံးရန်နှင့် သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်ဝတီ (သာယာဝတီ)

# မွန်ပြည်နယ်ဝန်ကြီးချုပ် တောင်ရိုးတန်းလမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မော်လမြိုင် နိုဝင်ဘာ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တန်ခိုးကြီး စေတီပုထိုးများစွာ တည်ထားကိုးကွယ်ထားသည့် တောင်ရိုးတန်းလမ်းတစ်လျှောက် အများပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရေးနှင့် အပန်းဖြေအနားယူနိုင်ရေး၊ မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာ စာသင်ကျောင်းများတွင်လည်း ကျောင်းသန့်ရှင်း သာယာလှပစေရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းတစ်လျှောက် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အများပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးမြော် အပန်းဖြေနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်မှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# သီပေါမြို့၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် အနီးတစ်ဝိုက်၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည် လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးတို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဖွင့်လှစ်နိုင်ခဲ့**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ သီပေါမြို့၌ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၀၂ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၄၇၀ အထိရှိပြီဖြစ်ပြီး အဆိုပါ ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့ပြင် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၉ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာ ၂၇ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီးကို စတင်ဖွင့်လှစ်ခဲ့ပြီး တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက တက်ရောက်ဖွင့်လှစ်ခဲ့ကြသည်။ အဆိုပါဆေးရုံကြီး၌ ယနေ့တွင် ပြင်ပလူနာ ၈၁ ဦးနှင့် ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သောလူနာ ၁၀ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်မဲ နိုဝင်ဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုသရေးဦးစီးဌာန ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်မှစ၍ လုပ်ငန်းယာယီရပ်ဆိုင်းထားသော ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မဲခရိုင် ကုသရေးဦးစီးဌာနအနေဖြင့် ကျောက်မဲမြို့ "လာဘမုနိ" တရုတ်ဘုံကျောင်းတွင် အောက်တိုဘာ ၅ ရက်မှစ၍ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ တိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ လူနာ ၃၃၈၅ ဦးကို လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ လုပ်ငန်းယာယီရပ်ဆိုင်းထားသော ကျောက်မဲမြို့နယ် နောင်ပိန်တိုက်နယ်ဆေးရုံကို အောက်တိုဘာ ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်ထားရှိပြီး ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကုသမှုများဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခြောက်ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် (၁၅) နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities)ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ အသက်(၁၅)နှစ်အောက် စုစုပေါင်း ၃၇၂၃ ဦးကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန်ခရီးစဉ်အတွက် လက်မှတ်ခ နှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန်ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေ ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မှော်ဘီမြို့နယ် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ၊ တောင်သူများသို့ နေကြာမျိုးစေ့များနှင့် Drum Seeder များ ဖြန့်ဖြူးပေးအပ်ပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁

၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ တောင်သူများသို့ နေကြာမျိုးစေ့များနှင့် Drum Seeder များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်ကုန်း ကျေးရွာ တောင်သူ ဒေါ်အေးအေးပိုင်၏ လယ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက Drum Seeder ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းအားဖြင့် တောင်သူကြီးများအတွက် ပျိုးနုတ်စိုက်ပျိုးခြင်း လုပ်အားခကုန်ကျစရိတ်ကို သက်သာစေခြင်း၊ အချိန်ကုန်သက်သာစေခြင်းနှင့် သီးနှံများညီညာစွာ ပေါက်ရောက်စေခြင်းတို့ကြောင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြောင်းနှင့် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ရေးအတွက် ရေရရှိရေးသည် အဓိကအကျဆုံး အခြေခံအုတ်မြစ် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများအား Drum Seeder များနှင့် နေကြာမျိုးစေ့များကိုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Drum Seeder များအကြောင်းကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က မိုးစပါးစံပြကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးနေမှုများ၊ Drum Seeder များ၊ ဓာတ်မြေဩဇာများ၊ ပြသထားသည့် စပါးမျိုးစေ့ နမူနာများနှင့် စိုက်ပျိုးရေးသုံး ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးသည်။ ယနေ့ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲတွင် တောင်သူ ဒေါ်အေးအေးပိုင်၏လယ် ကိုရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း အခြောက် ထွက်နှုန်း ၁၂၈ တင်း ထွက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ ညပိုင်းက လည်း လမ်းမကြီးတစ်လျှောက် လမ်းလယ်မီးတိုင်များ တပ်ဆင်တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လမ်းသားများခွဲရာတွင် စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် MSME ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချမည့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲတွင် ရေပန်းများ၊ အလှပန်းခင်းများနှင့် အလှမီးများ ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ



ကျောင်းကုန်း နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးလက်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ကော်မတီအဖွဲ့ဝင် ဗိုလ်မှူး နေဝင်းနောင်တို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းဆရာအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ဆုရရှိသည့် သင်တန်းသားများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ဗိုလ်တထောင်မြို့နယ် မြန်မာ့မီးရထားဝင်း ဝန်ထမ်းအိမ်ရာ၌ ပတ်ဝန်းကျင်သန့်ရှင်းမှုရှိရေး ကွင်းဆင်းစစ်ဆေး

ဗိုလ်တထောင် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် (၃၈)လမ်း မြန်မာ့မီးရထားဝင်း ဝန်ထမ်းအိမ်ရာ၌ သုံးရေများ လာရောက်မှုအားနည်းခြင်းနှင့် အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်မိုးကျော် ဦးဆောင်၍ ဗိုလ်တထောင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများသည် မီးရထားဝန်ထမ်းအိမ်ရာအတွင်းရှိ အိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ တစ်အိမ်တက်ဆင်းမီးဘေးလုံခြုံရေး စစ်ဆေး



မကွေး နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း နေထိုင်ကြသော မိဘပြည်သူများအား မီးဘေးလုံခြုံရေးနှင့် ပတ်သက်သော မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသည့် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိထားခြင်း ရှိ/မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးများအား စနစ်တကျသွယ်တန်းသုံးစွဲခြင်း ရှိ/မရှိ၊ တရားမဝင် လောင်စာဆီများ သိုလှောင်ထားခြင်းရှိ/မရှိစသည့်မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **ကောင်းစစ်နိုင်**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ကော့မှူးမြို့နယ် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ကော့မှူး နိုဝင်ဘာ ၁

ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ဈေးများ မီးလောင်ပျက်စီးမှု မရှိစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့ မွန်းလွဲ ၃နာရီက မြို့မဈေးကြီး အတွင်း လိုက်လံစစ်ဆေးဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်ကျော်လှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထိုက်ထွေး၊ မြို့မဈေးတာဝန်ခံ ဦးအေးသွင်တို့က မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက်ဈေးကြီးအတွင်းအရေးပေါ် အသုံးပြုနိုင်ရန် ရေးဦးမီးငြိမ်းသတ်ပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးများ ပုံမှန်စစ်ဆေးကြရန်၊ ရေစင်များတွင် ရေအဆင်သင့် ဖြည့်ဆည်းထားရှိရန်၊ ဈေးရောင်းချပြီးနောက် ဆိုင်ပိတ်သိမ်းသည့်အခါ မီးခလုတ်များအား စနစ်တကျပိတ်ကျရန် အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ဓာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

■

# အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးက တောင်ကိုရီးယား ကုန်ပစ္စည်းများအပေါ် အမေရိကန်၏အခွန်စည်းကြပ်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းပြီးနောက် သဘောတူညီမှုတစ်ရပ် ရရှိခဲ့သည်။

တောင်ကိုရီးယားအစိုးရက အမေရိကန်စီးပွားရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၃၅၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းခဲ့သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် ဉာဏ်ရည်တုကဲ့သို့သော အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်လည်း ဆွေးနွေးခဲ့ကြသည်။

အမေရိကန်-တောင်ကိုရီးယား နှစ်နိုင်ငံပေါင်းစည်းထားသော ကာကွယ်ရေးအခြေအနေနှင့် မြောက်ကိုရီးယား၏ နျူကလီးယား ခြိမ်းခြောက်မှုကို တုံ့ပြန်ရာတွင် ထပ်တိုးဆောင်ရွက်မည့် အစီအမံများကို ထပ်မံအတည်ပြုခဲ့ကြောင်း သိရသည်။ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်ရေးအတွက် အတည်ပြုချက်ပေးရန် လီဂျေမြောင်၏ တောင်းဆိုမှုအပေါ် သမ္မတ ထရမ့်က ခွင့်ပြုပေးခဲ့ကြောင်း ၎င်း၏ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တစ်ဝိုက်ရှိ ရေပြင်ကို ကာကွယ်ရန်အတွက် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကို အသုံးပြုကာ တောင်ကိုရီးယားက အမေရိကန်တပ်ဖွဲ့များ တပ်စွဲထားရှိမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သမ္မတ လီဂျေမြောင်က ပြောကြားခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဟားမတ်စ်တို့ ချိုးဖောက်သည်ဟု စွပ်စွဲကာ အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှ တိုက်ခိုက်လျက်ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဟားမတ်စ်တို့ ချိုးဖောက်ခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။



ငြိမ်းချမ်းရေးသဘောတူညီချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဟားမတ်စ်က အစ္စရေးထံသို့ ဓားစာခံရုပ်အလောင်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ အစ္စရေးက ၎င်း၏ဓားစာခံများ မဟုတ်ကြောင်း ဟားမတ်စ်အဖွဲ့ကို စွပ်စွဲပြောကြားခဲ့သည်။

သဘောတူညီချက်အရ ဓားစာခံ ၄၈ ဦးစလုံးကို အောက်တိုဘာ ၁၃ ရက်တွင် အစ္စရေးသို့ ပြန်ပေးရမည်ဖြစ်သည်။သို့သော် ဟားမတ်စ်က လွှဲပြောင်းပေးရန် နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

ဟားမတ်စ်က ဓားစာခံတစ်ဦး၏ ရုပ်ကြွင်းများကို လွှဲပြောင်းပေးခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက အောက်တိုဘာ ၂၈ ရက်တွင် ကြေညာခဲ့သည်။ သို့သော် အခြားလွှဲပြောင်းပေးရမည့် ဓားစာခံရုပ်အလောင်းများ ကျန်ရှိနေသေးကြောင်း ၎င်းက ဆိုသည်။

ဟားမတ်စ်က ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးခဲ့သည့် ဓားစာခံရုပ်အလောင်းများထားရှိသည့်နေရာကို သိရှိကြောင်း အစ္စရေးအစိုးရပြောရေးဆိုခွင့်ရှိသူ ရှို့စ်ဘတ်ရှိဆီရန်က အခိုင်အမာပြောကြားသည်။

ဟားမတ်စ်၏ နှောင့်နှေးကြန့်ကြာမှုကြောင့် အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများဖြင့် တုံ့ပြန်ခဲ့သည်။ ဂါဇာကမ်းမြောင်တွင် အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုပြီးနောက် ဓားစာခံလွှဲပြောင်းပေးမှုအစီအစဉ်ကို ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း ဟားမတ်စ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုသည် ရုပ်အလောင်းများကို ရှာဖွေခြင်းနှင့် ပြန်လည်ရယူခြင်းတို့ကို အဟန့်အတားဖြစ်စေမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားရန်နှင့် ငြိမ်းချမ်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် နှစ်ဖက်စလုံးကို အမေရိကန် ပြည်ထောင်စုက တိုက်တွန်းထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသတွင် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ ချထားရန် အမေရိကန်အစိုးရက စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘုရားကျောင်းတစ်ခု၌ လူအုပ်ပြိုကျမှုဖြစ်ပွား၊ အနည်းဆုံး ၁၀ ဦးသေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒါရာပရာဒေ့ရှ်ပြည်နယ်ရှိ ဟိန္ဒူဘုရားကျောင်းတစ်ခုတွင် ယနေ့ လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဟိန္ဒူဘာသာ၏ Ekadashi နေ့ထူးနေ့မြတ်တွင် ဆရီကာကူလမ်ခရိုင်ရှိ ဗန်ကာတီဝါရာဆွမ်မီဘုရားကျောင်း၌ လူအုပ်ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိခိုက်ဒဏ်ရာရရှိသည့် ဘုရားဖူးများကို အနီးနားရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ခန့်မှန်းထားသည့်အရေအတွက်ထက် ပိုမိုလာရောက်ခဲ့ခြင်းနှင့် ကြိုတင်စီမံခန့်ခွဲမှုများ ထိရောက်စွာ စီမံနိုင်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ လူအုပ်ပြိုကျခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ သေဆုံးသူအရေအတွက် ပိုမိုများပြားလာမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် တာလီဘန်အစိုးရတို့ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲများလုပ်ဆောင်ရန် သဘောတူညီ

**အစ္စလာမာဘတ် နိုဝင်ဘာ ၁**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် တာလီဘန်အစိုးရတို့က အောက်တိုဘာလအတွင်း နယ်စပ်တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ၎င်းတို့ချမှတ်ထားသည့် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးရန်နှင့် ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ရန် ယမန်နေ့က သဘောတူညီခဲ့ကြသည်။

တူရကီယဲနှင့် ကာတာနိုင်ငံတို့က စေ့စပ်ဖျန်ဖြေပေးခဲ့ရာ နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေးကို သဘောတူခဲ့ကြခြင်းဖြစ်သည်။

နိုဝင်ဘာ ၆ ရက်တွင် အစ္စတန်ဘူလ်မြို့တော်၌ နောက်ထပ် ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း တူရကီယဲနိုင်ငံ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာရှ်မူဂျာဟစ်က အလားတူ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပါကစ္စတန်နှင့် တာလီဘန်တပ်ဖွဲ့များကြား ရက်အတန်ကြာ အကြမ်းဖက်မှုများ ပြင်းထန်ခဲ့ပြီးနောက် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ပါကစ္စတန်တပ်မတော်က ၎င်း၏တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်ဝါဒကို တိုက်ဖျက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၉ ရက်တွင် အပစ်အခတ်ရပ်စဲရေးကို နှစ်ဖက်သဘောတူခဲ့ကြသော်လည်း ၎င်းတို့၏ အဓိကတောင်းဆိုချက်များကို သဘောတူညီခြင်းမရှိသည့်အတွက် ယခုသီတင်းပတ်အစောပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပျက်ပြားသွားခဲ့သည်။



ပါကစ္စတန်က တာလီဘန်များအား အစွန်းရောက်များအပေါ် ပြတ်ပြတ်သားသား အရေးယူစေလိုပြီး တာလီဘန်တို့ကလည်း ပါကစ္စတန်၏ ဝေဟင်ပိုင်နက် ချိုးဖောက်မှုကို အဆုံးသတ်ရန် တောင်းဆိုလျက်ရှိသည်။

လာမည့်အစည်းအဝေးတွင် နှစ်ဖက်တောင်းဆိုမှုများ ရရှိရန်နှင့် တင်းမာမှုများ လျှော့ကျမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်အာကာသယာဉ်မှူး သုံးဦး Tiangong အာကာသစခန်းတွင် တာဝန်ထမ်းဆောင်

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်အာကာသယာဉ်မှူး သုံးဦး တရုတ်နိုင်ငံ၏ Tiangong အာကာသစခန်းတွင် တာဝန်ထမ်းဆောင်ရန် Shenzhou-21 အာကာသယာဉ်ဖြင့် ယမန်နေ့က လိုက်ပါခဲ့ကြောင်း သိရသည်။

Shenzhou-21 အာကာသယာဉ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ Jiuquan ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အောက်တိုဘာ ၃၁ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ Tiangong အာကာသစခန်းသည် ၂၀၂၂ ခုနှစ်မှစပြီး အာကာသဆိုင်ရာ လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

အာကာသယာဉ်မှူးများက အာကာသစခန်းတွင် ခြောက်လခန့် နေထိုင်မည်ဖြစ်ပြီး အာကာသလမ်းလျှောက်ခြင်းနှင့် မြေဆွဲအားဆိုင်ရာ စမ်းသပ်မှုများကို ပြုလုပ်မည်ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် တရုတ်အာကာသယာဉ်မှူးများက လကမ္ဘာပေါ်သို့ လေ့လာရေးမစ်ရှင်များ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



"တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

ခင်မင်လေးစားရပါသော မဲဆန္ဒရှင်မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းရီရီဝင်း(ခေါ်)နန်းလုံခမ်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်သွားမည့် အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံမည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအကြောင်း မိတ်ဆက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ပထမဦးစွာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သမိုင်းအကျဉ်းချုပ်ကို တင်ပြပါရစေရှင်။ ၂၀၁၀ ခုနှစ်၊ မတ်လ (၂၄ - ၂၅) ရက်တို့တွင် ပအိုဝ်းအမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့ရာ အဆိုပါညီလာခံကို ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ ခေါင်းဆောင်များ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပအမဖ)မှ ခေါင်းဆောင်များ၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အသီးသီးတို့မှခေါင်းဆောင်များ၊ ဦးခွန်ချစ်မောင် ဦးဆောင်သော (ရလလဖ)အဖွဲ့မှ ခေါင်းဆောင်များ၊ တက္ကသိုလ်အသီးသီးရှိ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီများမှ ခေါင်းဆောင်များ၊ ပအိုဝ်းလူမှုအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ လူထုကိုယ်စားလှယ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ အစရှိသည့် အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ ကိုယ်စားလှယ်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတို့တွင် ပအိုဝ်းတိုင်းရင်းသားလူမျိုး ကိုယ်စားပြုပါတီအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးကောက်ခံနိုင်ရန် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ"ကို ဖွဲ့စည်းတည်ထောင်သွားရန် တက်ရောက်လာသူ ညီလာခံကိုယ်စားလှယ်အားလုံးတို့က သဘောတူညီခဲ့ကြသဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ"ကို ၂၀၁၀ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် - ပအိုဝ်းတိုင်းရင်းသားနှင့် အတူနေ ညီနောင်တိုင်းရင်းသား မိဘပြည်သူတို့၏ တစ်ခဲနက် အားပေးဝန်းရံထောက်ခံခဲ့မှုတို့ကြောင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးလုံး ရွေးကောက်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ်၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး ရွေးကောက်ခံခဲ့ရပါတယ်ရှင်။ ထိုသို့ ရွေးကောက်ခံခဲ့ကြရသဖြင့် လွှတ်တော်အသီးသီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်တို့သည် နိုင်ငံတော်နှင့် မိဘပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့ကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ပေးခဲ့ကြပါတယ်ရှင်။

ရွေးကောက်ပွဲအသီးသီးတို့တွင် အနိုင်ရရှိခဲ့သော ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "လူမှုစီးပွားဘဝမြင့်မားဖို့ နဂါးကို မဲပေးစို့" ဟူသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်၊ "ဒေသဖွံ့ဖြိုးတိုးတက်ဖို့ နဂါးကို မဲပေးကြစို့"ဟူသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆောင်ပုဒ်နှင့် "လူမှုစီးပွားတိုးတက်ဖို့ 'နဂါး' မဲကို ထည့်ကြစို့"ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်တို့အတိုင်း နိုင်ငံတော်နှင့် မိဘပြည်သူလူထုတို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို ရေးရှုကာ NCA ပြဋ္ဌာန်းချက်တို့နှင့်အညီ "ပအိုဝ်း"လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဦးစီးဦးဆောင်ကျင်းပခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းတို့တွင် အလေးထား ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေတို့ ပြဋ္ဌာန်းလာနိုင်စေရန် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုတို့၏ လိုအပ်ချက်တို့ကို သိရှိဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုတို့နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူငယ်နှင့် အမျိုးသမီးစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မိဘပြည်သူတို့အတွက် အချိန်နှင့် အမျှ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် အဆိုများတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်အစည်းအဝေးတို့တွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများကို တင်ပြမေးမြန်းခြင်း၊ အမျိုးသားလက္ခဏာနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ စာသင်ကျောင်း၊ ဆေးပေးခန်းရရှိရေးနှင့် အဆင့်မြှင့်တင်ရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ တန်ဖိုးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေသည့် တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးကိုအထောက်အကူပြုသည့် အားကစားလှုပ်ရှားမှုတို့ကို အားပေးကူညီဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးဒဏ်သင့် မိဘပြည်သူများအား ပံ့ပိုးကူညီပေးခြင်း၊ လူငယ်ကို အန္တရာယ်ပြုနေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများပပျောက်ရေး အသိပညာပေးလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း အစရှိသည့် မိဘပြည်သူအကျိုးပြုလုပ်ငန်းများကို လွှတ်တော်များမှ တစ်ဆင့်သော်လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအသီးသီးတို့နှင့် လက်တွဲဆောင်ရွက်၍သော်လည်းကောင်း၊ ဒေသခံမိဘပြည်သူလူထုတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ သော်လည်းကောင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းနှင့် မိဘပြည်သူလူထုအကျိုးပြုလုပ်ငန်းတို့ကို ကျွန်မတို့ ပါတီက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် - ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထုကြားမှ ပေါက်ဖွားလာသော ပါတီတစ်ရပ်ဖြစ်သဖြင့် မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ပါတီ၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များအဖြစ် အလေးအနက်ခံယူကာ အဆိုပါ မိဘပြည်သူလူထုတို့၏ အရေးအရာကိစ္စရပ်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် အစဉ်တစိုက် နည်းလမ်းကောင်းများကိုရှာဖွေပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ လက်ရှိကာလတွင် မိဘပြည်သူလူထုတို့အတွက် အဓိကလိုအပ်နေသည့် လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ပင်ဖြစ်ကြောင်းကို သိမြင်တွေ့ရှိရပါတယ်ရှင်။ ဒေသတည်ငြိမ်အေးချမ်းပါမှ မိဘပြည်သူလူထုတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသည့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် အသက်တမျှ အရေးကြီးနေသော အရေးကိစ္စပင်ဖြစ်ပါတယ်ရှင်။

သို့ဖြစ်ရာ ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် "တည်ငြိမ်အေးချမ်းဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့" ဟူသည့် ရွေးကောက်ပွဲဆောင်ပုဒ်အတိုင်း တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းကို မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ အဆိုပါ တည်ငြိမ်အေးချမ်းရေးနှင့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားနိုင်ရန် လာမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီအနေဖြင့် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အတွက် ရှမ်းပြည်နယ်အတွင်း မဲဆန္ဒနယ်ပေါင်း ၂၉ နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံသွားမှာဖြစ်ပါကြောင်း မိဘပြည်သူလူထုတို့အား အသိပေးတင်ပြအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၅၁ ဦးတို့သည် နိုင်ငံ့ချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ ပြည့်ဝကြပြီး စွမ်းဆောင်ရည်မြင့်မားသူများဖြစ်ကာ အားလုံးနီးပါးတို့သည် ပညာရပ်အသီးသီးတို့၌ တတ်မြောက်ဘွဲ့ရကြသူများဖြစ်ကြပါတယ်ရှင်။ မျိုးဆက်သစ်လူငယ်နှင့် အမျိုးသမီးတို့ ပိုမိုပါဝင်လာနိုင်စေရန်ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့တွင် အသက် ၄၀ အောက် လူငယ် ၅၉% နှင့် အမျိုးသမီး ၂၀% ပါဝင်ပါကြောင်းကိုလည်း မဲဆန္ဒရှင် မိဘပြည်သူတို့အား လေးစားစွာ အသိပေးတင်ပြအပ်ပါတယ်ရှင်။

ခင်မင်လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင် - ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်အထိ အလေးထားဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင် -

(၁) ဒေသငြိမ်းချမ်းရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထား ဆောင်ရွက်သွားမည်။

(၂) လူမျိုးဘာသာမရွေး လူသားများအားလုံး ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ တိုင်းရင်းသားများ ရင်းနှီးချစ်ကြည်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက်အလေးထားဆောင်ရွက်သွားမည်။



(၃) ပြည်သူလူထု လုံခြုံမှုရှိရေး၊ ကျန်းမာရေး၊ ပညာရည်မြင့်မားရေးနှင့် လူမှုစီးပွားမြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) လူငယ်များ သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် နည်းပညာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) ပအိုဝ်းလူမျိုးနှင့် အတူနေ ညီနောင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များနှင့် အခွင့်အရေးများအားလုံးကို အလေးထား ကာကွယ်စောင့်ရှောက်မြှင့်တင်သွားမည်။

(၇) ပအိုဝ်းလူမျိုးတို့၏ ဂုဏ်အင်္ဂါရပ်များနှင့် လျော်ညီသည့် ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များ ရရှိအောင် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်သွားမည်။

(၈) အထူးဒေသ(၆)အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝလုံခြုံအေးချမ်းရေးအတွက် စည်းရုံးရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားမည်။

(၉) အထူးဒေသ(၆)နှင့် ပအိုဝ်းလူမျိုးများ နေထိုင်ရာဒေသ ပေါ်လွင်ထင်ရှားမှု ရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်တို့ပဲ ဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေဖြင့် ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီသည် မိဘပြည်သူလူထု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် မိဘပြည်သူလူထုတို့က ရွေးကောက်တင်မြှောက်စေလွှတ်ပါက မိဘပြည်သူလူထုတို့ကိုယ်စား နိုင်ငံ့ရေးရာကိစ္စရပ်များ၊ ပြည်သူ့ရေးရာကိစ္စရပ်များ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့ကို မိဘပြည်သူတို့အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို မိဘပြည်သူလူထုတို့က အားပေးဝန်းရံ ဆန္ဒမဲပေးကြလိမ့်မည်ဟုလည်း ကျွန်မတို့ပါတီက မိဘပြည်သူလူထုတို့ကို အပြည့်အဝ ယုံကြည်အားကိုးပါကြောင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီကို ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် မိဘပြည်သူတစ်ဦးချင်းစီတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်ရှင်။ ကြည့်ရှုနားဆင်ခဲ့ကြသည့် မိဘပြည်သူလူထုများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ကျွန်မတို့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

"တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးဖို့ 'နဂါး'မဲကို ပေးကြစို့"

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၊**

**၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ သီချင်းစာသား(ဘာသာပြန်)**

**တိုင်းပြုပြည်ပြုရတနာ**

- အနက်ရောင်ရိုးရာဝတ်စုံကို ပအိုဝ်းဇာတိဓလေ့ထုံးတမ်းတို့နှင့်အညီ ဆင်မြန်းကြလို့ကွယ်၊
- ပအိုဝ်းစကားကိုလည်း ပြောဆိုကြလို့ကွယ်၊ ပအိုဝ်းစာကိုလည်း သင်ယူတတ်မြောက်ကြပါပေတယ်၊
- မျိုးချစ်စိတ်အပြည့်နဲ့ အမျိုးသားအရေးတို့ကို အလေးထား ဦးဆောင်ဦးရွက်တာဝန်ထမ်းကြပါပေတယ်၊
- ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နဲ့ တွဲလက်ကိုမဖြုတ်ဘဲ အမျိုးသားတာဝန်ကို ကိုယ်စီထမ်းရွက်ကြပါပေတယ်၊
- တိုးတက်မြင့်မားရာကို ထွန်းပေါက်ရောက်ရှိဖို့ရာ စိတ်မှာ အောင်အဓိဋ္ဌာန်ထားရှိပြီး ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း ပအိုဝ်းဖြစ်ရ ဤဘဝတခဏဝယ် "ပအိုဝ်းရတနာ"လို့ ခေါ်တွင်ထိုက်စေရမယ်၊ မင်းမျိုးဝိဇ္ဇာ နဂါးမျိုးနွယ်တို့ "ပအိုဝ်းရတနာ"တွေပဲကွယ်၊
- တို့တစ်တွေ နေထိုင်တဲ့ဒေသဟာ သတင်းမွှေးပျံ့နေတဲ့ သာယာသောတိုင်းပြည် ဖြစ်နေစေဖို့ပါ၊
- ရာသီဥတုမျှတပြီး စိုက်ပျိုးရေးလုပ်ငန်းအသီးအပွင့်များ ဖြစ်ထွန်းကာ အသက်မွေးဝမ်းကျောင်း စီးပွားရေးအောင်မြင်ထွန်းကားပြီး ကျန်းမာရေးကောင်းမွန်တဲ့ တို့ရေမြေမှာ သာသနာလည်းထွန်းကားလို့ တည်ငြိမ်အေးချမ်းတာမို့ တို့ရတနာတိုင်းပြည်မှာ အိုးစည်ဗုံမောင်းသံသာတွေ ဟီးထပ်နေလို့ပါပဲကွယ်၊
- "မင်းကောင်း"လို့ ကျော်ကြားနေတဲ့ "နဂါး"အမှတ်တံဆိပ်ကို တို့ရင်ထဲ စွဲမြဲတာမို့ "နဂါး"ကို တို့တစ်တွေအားလုံး မဲပေးကြပါစို့၊
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟာ လူထုအကျိုးကို ဦးဆောင်သယ်ပိုးတဲ့ အဖွဲ့ပါ၊
- ရွေးကောက်ပွဲဟာ ပြန်လည်ရောက်ရှိလာပြီမို့ ဒီတစ်ကြိမ်လည်း တို့အခွင့်အရေးတွေ မဆုံးရှုံးရအောင်ကွယ်၊ ကံ(စေတနာ)ကောင်းခြင်း၊ ကံ(စေတနာ)မြင့်မားခြင်းတို့နှင့်အတူ မင်းမျိုးညီနောင် တို့ပအိုဝ်း တိုင်းပြုပြည်ပြုရတနာတွေ အရွေးကောက်ခံထိုက်ပါပေတယ်ကွယ်။

# တန်ဆောင်တိုင်ပိတ်ရက်ကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီလျက်ရှိသည့် မြင်းလှည်းဖြင့်ခရီးသွားလာနိုင်ရန် အစီးရေ ၆၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးသွားမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ပွင့်လင်းခရီးသွားရာသီဖြစ်သည့် တန်ဆောင်တိုင်ပိတ်ရက်ကာလတွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် မြင်းလှည်းများဖြင့် ခရီးသွားလာနိုင်ရန် အစီးရေ ၆၀ ကျော်ဖြင့် ပြည်တွင်း/ပြည်ပခရီးသွားများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ပုဂံမြင်းလှည်းအသင်းမှ သိရသည်။

ပုဂံတွင် မြင်းလှည်းဂိတ်ကြီးနှစ်ခုဖြစ်သည့်သဗ္ဗညုနှင့် အာနန္ဒာဘုရားမှ အခြားသောနေရာများသို့ ပုံမှန်ပြေးဆွဲပေးခြင်းနှင့် စင်းလုံးငှားခြင်းတို့ကို ဝန်ဆောင်မှုပေးသည့်အပြင် အထင်ကရဘုရားစေတီများသို့ ဆာကူရာ၊ သရပါ၊ ပုဂံသံတဲနှင့် ပုဂံဟိုတယ်များအနီးရှိ မြင်းလှည်းများကလည်း သွားလိုရာခရီးစဉ်အလိုက် ပြည်တွင်း/ပြည်ပခရီးသွားများကို ဝန်ဆောင်မှု ပေးလျက်ရှိသည်။

" ခရီးသွားတွေက သဗ္ဗညုဘုရားကနေ အခြားနေရာမျိုးစုံကို အစီးများကြတယ်။ နိုင်ငံခြားသားတွေဆိုရင် စင်းလုံးငှားပြီးစီးတာများတယ်။ ပြည်တွင်းခရီးသွားတွေကတော့ မိသားစုလိုက်ရော၊ အုပ်စုလိုက်ရော စီးကြတာများတယ်။ ဝန်ဆောင်ခဈေးနှုန်းနည်းနည်းမြင့်သွားတာတော့ ရှိတယ်။ သီတင်းကျွတ်ပိတ်ရက်မှာ ပုဂံက မြင်းလှည်းတွေ အဆင်ပြေခဲ့ကြတဲ့အတွက် လာမယ့် တန်ဆောင်တိုင်ပိတ်ရက်မှာလည်း ဟိုတယ်အခန်းတွေ ကြိုတင်မှာယူထားကြတာကြောင့် ခရီးသွားဝင်မယ်လို့ အားလုံးမှန်းထားကြပါတယ်။ ပုဂံဒေသဟာ ခရီးသွားတွေနဲ့ ရပ်တည်ရတာဖြစ်တဲ့အတွက် ခရီးသွားမရှိတဲ့အချိန်မှာ ကိုင်းလုပ်ငန်းနဲ့ အသက်မွေးကြရပါတယ်။ အခြားပို့ဆောင်မှုကဏ္ဍတွေလည်း ဝင်လာနေကြတာကြောင့် တစ်ချိန်မှာ မြင်းလှည်းတွေ ပျောက်ကွယ်သွားမှုမရှိအောင် ထိန်းသိမ်းနေကြပါတယ်။ အသင်းအနေနဲ့ တန်ဆောင်တိုင်ပွဲတော်ကာလမှာ ခရီးသွားတွေ စိတ်အေးချမ်းစွာ လည်ပတ်နိုင်အောင် အကောင်းဆုံးဝန်ဆောင်မှုပေးဖို့ ခရီးစဉ်တွေ ပြင်ဆင်ထားကြပါတယ်"ဟု ပုဂံမြင်းလှည်းအသင်းဥက္ကဋ္ဌ ဦးမြတ်သူက ပြောသည်။



ပုဂံဒေသအတွင်း မြင်းလှည်းရာကျော်ရှိပြီး လက်ရှိတွင် ပွဲတော်ကာလ၌ အစီးရေ ၆၀ ကျော် ပြေးဆွဲလျက်ရှိရာ အခြားရက်များ၌ ပင်မဂိတ်နှစ်ခုဖြစ်သည့် သဗ္ဗညုနှင့် အာနန္ဒာဘုရားအနီးမှ အစီးရေ ၃၀ ကျော်ပြေးဆွဲပေးလျက်ရှိသည်။ ပြည်တွင်း/ပြည်ပ ခရီးသွားများအနေဖြင့် သဗ္ဗညုဘုရားဖူး၍ ဘုရားတစ်ပတ် မြင်းလှည်းစီးခြင်း၊ ထိုဘုရားမှ ရွှေကွန်ချာဘုရား (ရောဝတီမြစ်ဘေး)၊ နတ်ထောင်ကျောင်း(ရှေးဟောင်းရုပ်စုံကျောင်း)၊ ရွှေကူကြီး၊ ယင်မနားတောင်ကုန်း (ပုဂံရှုခင်း)နှင့် အထင်ကရ ဘုရား၊ စေတီများသို့ မြင်းလှည်းစီး၍ ပုဂံဒေသ၏ သဘာဝအလှကို ကြည့်ရှုလည်ပတ်မှုများကြောင်း သိရသည်။

ပွင့်လင်းခရီးသွားရာသီ အစဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကာလတွင် ပုဂံယဉ်ကျေးမှုဒေသ၌ ဟိုတယ်အခန်းများပြည့်ခဲ့ပြီး တန်ဆောင်တိုင်ပွဲတော်ပိတ်ရက်ဖြစ်သည့် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်တွင်လည်း ဟိုတယ်အခန်းများ ကြိုတင်မှာယူထားကြောင်း၊ တန်ဆောင်တိုင်ပွဲတော် ကာလတွင်လည်း ပုဂံဒေသ၏ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ သဘာဝအလှကို ကြည့်ရှုလေ့လာနိုင်ရန် ပုဂံမြင်းလှည်းအသင်းက ခရီးစဉ်များရေးဆွဲ၍ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **ဥဩ၊ ဓာတ်ပုံ-ဇွဲမာန်**

## ပြင်ဦးလွင်မြို့နယ်အတွင်း တီကျစ်မြေဩဇာ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းသင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းမြေအသုံးချရေးဌာနခွဲမှ ကြီးမှူးကျင်းပသော တီကျစ်မြေဩဇာ တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်း သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပြင်ဦးလွင် ကော်ဖီဥယျာဉ် (ပွေးတောင်) ခြံရှိ သင်တန်းခန်းမဆောင်၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဖုန်းမောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းမြေအသုံးချရေး တာဝန်ခံ ဒေါ်သင်းသင်းချိုက သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်း ပို့ချခြင်း၊ ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မြေအသုံးချရေး တာဝန်ခံ ဒေါက်တာ စိမ်းစိမ်းမူက တီကျစ်မြေဆွေး ထုတ်လုပ်ခြင်း နည်းပညာသင်တန်းပို့ချခြင်း၊ ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်မှ မန်နေဂျာ ဦးဇော်မင်းထွန်းက တီကျစ်မြေဆွေးထုတ်လုပ်ခြင်း အတွေ့အကြုံများကို ဆွေးနွေးပို့ချခြင်း၊ ပြင်ဦးလွင်မြို့နယ် သဘာဝမြေဩဇာထုတ်လုပ်သူများကိုယ်စား Dr. Nature သဘာဝမြေဩဇာကုမ္ပဏီမှမန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးသီတာခန့်တို့က အတွေ့အကြုံများ ပို့ချခဲ့ရာ သင်တန်းသားများက သင်တန်းပို့ချချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တီကျစ်မြေဩဇာတစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းသင်တန်းမှ သင်တန်းသား သင်တန်းသူ ၈၃ ဦးတို့အား တီကျစ်မြေဩဇာတစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

**ခရိုင် ( ပြန်/ဆက် )**

## ရေတာရှည်မြို့နယ်၌ ကျေးရွာပေါင်းစုံအမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဖွင့်

**ရေတာရှည် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလားကျေးရွာပေါင်းစုံအမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၁၄ သင်း၊ အုပ်စု လေးစုဖြင့် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*** ထိုင်းမှ**

အုပ်စုပွဲများအပြီးတွင် အုပ်စု (A) ၌ သာနာခမ်ချောင်ဘူရီ (ထိုင်း) အသင်းက ခုနစ်မှတ်၊ Falcon (မြန်မာ) အသင်းက ခြောက်မှတ်၊ Prime (ထိုင်း) အသင်းက သုံးမှတ်၊ BG ပါသွန်ယူနိုက်တက် (ထိုင်း) က အမှတ်မရခဲ့ပေ။



Falcon အသင်းနှင့် BG ပါသွန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နိုဝင်ဘာ ၂ ရက်တွင် ဗိုလ်လုပွဲအဖြစ် သာနာခမ်ချောင်ဘူရီ (ထိုင်း) နှင့် PVF ဗီယက်နမ် (ဗီယက်နမ်)၊ တတိယ လုပွဲအဖြစ် Falcon (မြန်မာ) နှင့် ရာဂျ်နာဗီ (ထိုင်း)၊ အဆင့် ၅ နေရာလုပွဲအဖြစ် Prime (ထိုင်း)နှင့် အဆမ်ရှင်ယူနိုက်တက် (ထိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-U-17 NGC**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂) ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် မြတ်ကျော်စက်မှု(၂) ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကန့်ဘလူမြို့နယ်၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံပေး

ကန့်ဘလူ နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကန့်ဘလူမြို့ပေါ်ရပ်ကွက်ငါးခုမှ အသက်(၂)နှစ်အောက် ကလေးငယ်များကို အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတ (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## ထန်းတပင်မြို့နယ်၌ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ပဲခူး နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အသက် (၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးသည်။



ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လာရောက်ထိုးနှံသည့် ရပ်ကွက်ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက်ကလေးများအား ကျန်းမာရေးဝန်ထမ်းများက အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါဆေးထိုးနှံပေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ကြီးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့က အသေးစားခြေတုပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်

ကျောက်ကြီး နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ခြေတုအသေးစားပြင်ဆင်ခြင်းလုပ်ငန်းကို နေ့ချင်းပြီး "အခမဲ့" ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ကျောက်ကြီးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး မင်းမြတ်ဘုန်း စီမံမှုဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနသို့ ခြေတုအသေးစားပြင်ဆင်နိုင်ရေးသင်တန်းတက်ရောက်စေပြီး ကျောက်ကြီးမြို့နယ်အတွင်း ကိုယ်အင်္ဂါချို့တဲ့နေသူများ၊ မိုင်းဒဏ်ခံရသူများ၊ ခြေတုရရှိရေး၊ ခြေတုအသေးစား ပြင်ဆင်ဆောင်ရွက်နိုင်ရေးလုပ်ငန်းကို အပတ်စဉ်စနေနေ့တိုင်း မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ နံနက် ၉ နာရီတွင် "အခမဲ့" ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ခြေတုတပ်ဆင်ထားသူ အယောက် ၄၀၀ ကျော်ခန့်ရှိကြောင်း မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ထံမှသိရပြီး ခြေတုအသစ်တပ်ဆင်လိုသူများအား လိုအပ်သည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များ၊ လေ့ကျင့်ခန်းပြုလုပ်ရန် နည်းစနစ်များ ညွှန်ပြပေးခြင်းနှင့် ခြေတုလာရောက်ပြုပြင်သူများအား ခြေဖဝါး၊ ခြေအိတ်၊ ခါးပတ်ကြိုးများကို "အခမဲ့" ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းယောင်းမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု ဝမ်ကော်လုံးကျေးရွာ၌ ယမန်နေ့က အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ လူငယ်ရေးရာနှင့် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေသည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ စာရင်းစစ်ခံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း



## ကျောက်ဆည်မြို့ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေးအသိပညာပေး ဟောပြော

ကျောက်ဆည် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တိုင်းရင်းဆေးကုသရေးဦးစီးဌာနက အမှတ် (၁၀) အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးသည်။

**အမှာစကားပြောကြား**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်ရွှေက အမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်ဆွေဆွေမြင့်က ကျန်းမာရေးအသိပညာများ ဟောပြောသည်။

ထို့နောက် ကျောင်းသား ၂၈ ဦး၊ ကျောင်းသူ ၄၃ ဦးတို့အား မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက တိုင်းရင်းဆေးဖြင့် အခမဲ့စစ်ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိခဲ့သည့် အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြို့ ကုသိနာရုံမြန်မာကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ ထေရုပ္ပတ္တိ၌ ဘဝနတ်ထံ ပျံလွန်တော်မူခြင်းစာပိုဒ်တွင် ဖော်ပြပါရှိသော **၂၃-၁၀-၂၀၂၅ ရက် (သောကြာနေ့)**(အစား) **၃၁-၁၀-၂၀၂၅ ရက် (သောကြာနေ့)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# Let's Write in English daily, young ones.

# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



စိုင်းအောင်မြင့်
(ရှမ်းအိုးစည်-တာချီလိတ်)

## ပျော်စရာကောင်းတဲ့ ဘုရားပွဲဈေး

**ဘုရားပွဲရဲ့အငွေ့အသက်**

မြန်မာနိုင်ငံဆိုတာ ဘုရားတွေ၊ စေတီတွေ အလွန်များတယ်မဟုတ်လားခင်ဗျာ။ ရွာတိုင်း၊ မြို့တိုင်းမှာ ကိုးကွယ်ဖို့ ဘုရားကျောင်းကန်တွေရှိတယ်။ အဲဒီဘုရားတွေမှာ တစ်နှစ်တစ်ခါ ဘုရားပွဲတော်ကြီးတွေ လုပ်လေ့ရှိတာပေါ့။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေအတွက် ဘုရားပွဲဆိုတာ ကုသိုလ်လည်းရတယ်၊ ပျော်စရာလည်း အကောင်းဆုံးအချိန်ပါပဲခင်ဗျာ။

ဘုရားပွဲတော်လုပ်တော့မယ်ဆိုရင် စုပေါင်းပြီး ဘုရားကို သန့်ရှင်းရေးလုပ်ကြ၊ ဆွမ်းတော်တွေ လှလှပပပြင်ဆင်ပြီး ကပ်လှူကြတာ။ ညဘက်ရောက်ပြီဆိုရင် ဆီမီးတွေ ထွန်းညှိပူဇော်ပြီး ပျော်ပွဲရွှင်ပွဲတွေ စပြီပေါ့။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲတွေနဲ့ ပွဲခင်းကြီးက တခြိမ့်ခြိမ့်နဲ့ စည်ကားနေရော။ အဲဒီအသံတွေကြားလိုက်ရရင်ပဲ ရင်ထဲမှာ ပျော်နေပြီ။

**ဘုရားပွဲဈေးမှာ ဘာတွေရှိလဲ**

ဘုရားပွဲမှာ ပွဲဈေးတန်းကြီးက မပါမဖြစ်နော်။ ပွဲဈေးတန်းဆိုတာ အစားအသောက်ဆိုင်တွေ၊ ကစားစရာအရုပ်တွေရောင်းတဲ့ဆိုင်တွေ၊ ပြီးတော့ ကလေးတွေ အသည်းစွဲဖြစ်တဲ့ ချားရဟတ်ကြီးတွေ၊ အပျော်စီးလှေတွေ စုံစုံလင်လင်ရှိတဲ့နေရာကြီးပေါ့။ ဘုရားပွဲကြီးလေလေ၊ ဈေးတန်းကလည်း ကြီးလေလေပဲ။

လမ်းမတစ်လျှောက်လုံး ဘေးဝဲယာမှာ လူသုံးပစ္စည်းဆိုင်တွေ၊ ဖန်စီပစ္စည်းလှလှဆိုင်လေးတွေ၊ ပြီးတော့ အကြော်အလှော်နံ့သင်းသင်းလေးတွေနဲ့ စားသောက်ဆိုင်တွေအများကြီးပဲ။ အပျော်တမ်းမြားပစ်၊ မြားစိုက်ဂိမ်းဆိုင်တွေလည်း ပါသေးတာ။ အဲဒါတွေက ကလေးတွေအတွက်တော့ အလွန်ကို စိတ်ဝင်စားစရာကောင်းတာပေါ့။

**ကလေးတွေရဲ့ပျော်ရွှင်မှု**

ပွဲဈေးတိုင်းမှာ လူကြီးတွေ၊ လူငယ်တွေအပြင် ကလေးသူငယ်လေးတွေကလည်း အသက်အရွယ်စုံ ပျော်နေကြတာ။ ချားရဟတ်ကြီးပေါ် တက်စီးရတဲ့အခါ ဝူးဝူးဝါးဝါး အော်ဟစ်လိုက်ရတဲ့ခံစားမှုက ပွဲဈေးရဲ့ အရသာပဲ။ အပျော်စီးလှေပေါ်မှာ လေအေးအေးလေးခံရင်း ပတ်ကြည့်ရတာလည်း အလွန်ပျော်စရာကောင်းတယ်။

ပွဲဈေးလျှောက်ရင်း မြန်မာမုန့်မျိုးစုံကို မြည်းစမ်းလို့ရတယ်။ ပြီးတော့ ပွဲဈေးရဲ့အသည်းကျော်ဖြစ်တဲ့ ဘူးသီးကြော်ကို ဆလတ်ရွက်နဲ့ တို့စားရတာက လူတိုင်းနီးပါး မလုပ်မဖြစ်ပဲ။ ပွဲဈေးတစ်ခုလုံးမှာ လူတွေက သံစုံနေတာ၊ သီချင်းတွေ၊ ဆောင်းဘောက်တွေ အပြိုင်ဖွင့်နေကြတော့ ဆူညံပွက်လောရိုက်နေတယ်။ ဒါပေမဲ့ ဘယ်သူမှ နားငြီးတယ်လို့ မပြောကြဘူး။ လူစုမကွဲအောင် လက်ချင်းချိတ်၊ ပခုံးဖက်ပြီး တိုးဝှေ့သွားလာရတာကိုလည်း ပျော့်ရွှင်စွာသည်းခံကြတယ်။ အဲဒါက ဘုရားပွဲရဲ့ အငွေ့အသက်ပဲမဟုတ်လား။

တကယ်တော့ ဘုရားပွဲဆိုတာ ကုသိုလ်ရေး စီးပွားရေးနဲ့ စိတ်အပန်းဖြေ ပျော်ရွှင်ရာ အကုန်လုံးပါဝင်နေတဲ့ ပွဲတော်ကြီးတစ်ခုပဲ။ နိုင်ငံခြားက စီးပွားရေးပြပွဲတွေနဲ့မတူဘဲ မြန်မာ့ဓလေ့အတိုင်း ဘုရားဖူးရင်း ပျော်ပျော်ပါးပါး ကုသိုလ်ယူရင်း စည်ကားနေတဲ့ ရိုးရာတစ်ခုအဖြစ် ရှိနေဆဲပါ။ ဘုရားပွဲဈေးမှာ ပျော်စရာအကောင်းဆုံးကတော့ ရယ်မောပြေးလွှားနေတဲ့ ကလေးငယ်လေးတွေရဲ့ မျက်နှာလေးတွေပါပဲခင်ဗျာ။

**လက်တွေ့ရေးကြစို့**

ဘုရားပွဲဆိုတာ မြန်မာတွေအတွက် ကုသိုလ်လည်းရ၊ ပျော်စရာလည်း အကောင်းဆုံးအချိန်ပဲ။

The Pagoda Festival is the best time for Myanmar people to gain merit and have fun.

ညဘက်ဆိုရင် ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေနဲ့ ပွဲခင်းကြီးက တခြိမ့်ခြိမ့်နဲ့ စည်ကားနေရော။

At night, the festival is very lively with plays and traditional dances.

ဘုရားပွဲမှာ ပွဲဈေးတန်းကြီးက မပါမဖြစ်နော်။

A large fair (pwe-zay) is a must-have at the Pagoda Festival.

ပွဲဈေးတန်းမှာ ချားရဟတ်ကြီးတွေ၊ အပျော်စီးလှေတွေ စုံစုံလင်လင်ရှိတယ်။

The fair has many things like big Ferris wheels and joy-rides.

အစားအသောက်ဆိုင်၊ ဖန်စီဆိုင်၊ ဂိမ်းဆိုင်တွေလည်း အများကြီးပဲ။

There are many food shops, fancy goods shops, and game booths.

ကလေးသူငယ်လေးတွေက အသက်အရွယ်စုံ ပျော်နေကြတာ။

Children of all ages are having fun there.

ချားရဟတ်ကြီးပေါ် တက်စီးရတာက ပွဲဈေးရဲ့ အရသာပဲ။

Riding the big Ferris wheel is the best part of the fair.

ဘူးသီးကြော်ကို ဆလတ်ရွက်နဲ့ တို့စားရတာက လူတိုင်းနီးပါး မလုပ်မဖြစ်ပဲ။

Almost everyone eats the deep-fried gourd (bu-thi kyaw) with lettuce.

ပွဲဈေးတစ်ခုလုံး လူတွေက ဆူညံပွက်လောရိုက်နေပေမယ့် အားလုံး ပျော်ကြတယ်။

The whole fair is very noisy, but everyone is happy.

ဘုရားပွဲဈေးမှာ ပျော်စရာအကောင်းဆုံးကတော့ ရယ်မောပြေးလွှားနေတဲ့ ကလေးငယ်လေးတွေရဲ့ မျက်နှာလေးတွေပါပဲ။

The most joyful thing at the fair is the faces of the laughing and running children.

**Pagoda Festival Fun**

*The Pagoda Festival is the best time for everyone to have fun and do good things.*

*When the sun goes down, the festival gets super exciting with plays and dancing, and of course, a huge fair called a pwe-zay. The fair is full of cool stuff like giant Ferris wheels and other fun rides. There are also many shops with yummy food, toys, and games.*

*Everyone is happy at the fair—especially the children. The Ferris wheel is the most fun ride. Almost everyone eats the crispy fried gourd (bu-thi kyaw) snack. The fair is loud with music and people, but the happiest part is seeing all the kids laughing and running around.*

---

## သတ်ပုံအမှားများ

လှသမိန်

(၂၁-၁၀-၂၀၂၅ ရက်နေ့မှအဆက်)

**ပုဂံ-ပန်းကန်**

**အမှား။** **ပုဂံ**ထဲက ပုံးရည်ကို ယူစားပါ။

**အမှန်။** **ပန်းကန်**ထဲက ပုံးရည်ကို ယူစားပါ။

**အကြောင်းပြ။** ပုဂံမှာ ပုဂံမြို့ကိုဆိုလို၍ ထည့်စားသော ခွက်ယောက်ကို ပန်းကန်ဟုသာ ရေးရသည်။

**ကျင်-လျင်**

**အမှား။** သူ ခြေ**ကျင်**တပ်သားတစ်ယောက်ဖြစ်သည်။

**အမှန်။** သူ ခြေ**လျင်**တပ်သားတစ်ယောက်ဖြစ်သည်။

**အကြောင်းပြ။** ခြေကျင်မှာ၊ ခြေဖြင့်ချည်းသွားခြင်း၊ ယာဉ်မပါခြင်းကိုသာ ဆိုလိုသည်။ ခြေလျင်မှာ ခြေဖြင့် လျင်မြန်ပေါက်ရောက်အောင် သွားခြင်းကို ဆိုသည်။

**စီး-စည်း**

**အမှား။** ထင်းတစ်**စည်း**စာမှာ နွားနှစ်ကောင် သယ်နိုင်သမျှဝန်ကို ဆိုလိုသည်။

**အမှန်။** ထင်းတစ်**စီး**စာမှာ နွားနှစ်ကောင် သယ်နိုင်သမျှဝန်ကို ဆိုလိုသည်။

**အကြောင်းပြ။** စီးမှာ လှည်းတစ်စီးကို ဆိုလို၍ စည်းမှာ စည်းနှောင်ခြင်းကိုဆိုသည်။

**တီ-တည်**

**အမှား။** တယ်လီဖုန်းကို ဂရေဟမ်ဘဲလ်က **တည်**ထွင်သည်။

**အမှန်။** တယ်လီဖုန်းကို ဂရေဟမ်ဘဲလ်က **တီ**ထွင်သည်။

**အကြောင်းပြ။** (တည်)မှာ ရပ်တည်၊ တည်ထောင်ခြင်းကိုသာ ပြသည်။ မရှိမပေါ်သေးသည်ကို စူးစမ်းဖော်ထုတ်ခြင်းကို (တီ)သည် လယ်ယာတီသည်ဟူ၍ သုံးရသည်။

**လည်-လယ်**

**အမှား။** နေ့**လည်**ချိန်မှာ မွန်းတည့် ၁၂ နာရီဖြစ်သည်။

**အမှန်။** နေ့**လယ်**ချိန်မှာ မွန်းတည့် ၁၂ နာရီဖြစ်သည်။

**အကြောင်းပြ။** (လည်)မှာ တစ်ပတ်ပြန်လည်ခြင်းဖြစ်ရာ၊ နေ့အစ တစ်ပတ်ပြန်၍ လည်ချိန်မှာ သန်းခေါင် ၁၂ နာရီသာဖြစ်ရပေမည်။ နေ့အချိန်၏ အလယ်ဗဟိုသာလျှင် မွန်းတည့် ၁၂ နာရီဖြစ်သည်။

**လီ-လည်**

**အမှား။** ဤပုဆိုးကို အထူးတလည် ချုပ်ပြုတ်ထားသည်။

**အမှန်။** ဤပုဆိုးကို အထူးတလီ ချုပ်ပြုတ်ထားသည်။

**အကြောင်းပြ။** (လီ)မှာ တလီ၊ တစ်ကြိမ်ဟု အဓိပ္ပာယ်ဖြောင့်သည်။ အထူးတစ်ကြိမ်ပြန်၍ လည်သည်ဟု အဓိပ္ပာယ်ကောက်လျှင် ဝေးလွန်းသည်။ အမှားသုံးဖန်များ၍ အမှန်ဟု ထင်နေရတတ်သည်။

**မှတ်ချက်။** ။ မြန်မာအဘိဓာန်နှင့် စာလုံးပေါင်းသတ်ပုံစာကျမ်းတွင် အထူးတလည်ကိုသာ ဖော်ပြထားသည်။

**အုပ်-အုတ်**

**အမှား။** ဤသူမှာ တိုက်**အုတ်**ကြီးဖြစ်သည်။

**အမှန်။** ဤသူမှာ တိုက်**အုပ်**ကြီးဖြစ်သည်။

**အကြောင်းပြ။** အုတ်မှာ အုတ်ခဲဟူ၍သာ အသုံးရှိသဖြင့် တိုက်ဆောက်သော အုတ်ခဲကြီးဟူ၍ အဓိပ္ပာယ်ရနေသည်။ အုပ်ချုပ် အဓိပ္ပာယ်အတွက် (အုပ်)ဟူ၍ ရေးရသည်။

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။



## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့၏ ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော် တတိယနေ့တွင် မြို့တွင်းစုပေါင်းဘုံကထိန် ပဒေသာပင်လှည့်လည်ခြင်း၊ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ရိုးရာမီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်ခြင်းတို့ကို ယမန်နေ့က ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ကျင်းပရာ အဆိုပါ ညအဝေရာကွင်းတွင် ညမီးကြီးယမ်းမီး (ခေါ်) ညလွှတ်မီးပုံးပျံ ခြောက်လုံးနှင့် စိန်နားပန်အလှ မီးပုံးပျံ ငါးလုံး၊ စုစုပေါင်း ၁၁ လုံးတို့ကို ယှဉ်ပြိုင်လွှတ်တင်ခဲ့ကြသည်။

ယင်းသို့ ရိုးရာမီးပုံးပျံ ယှဉ်ပြိုင်လွှတ်တင်ခြင်းကို ဖွင့်ပွဲည၌ ကိုးလုံး၊ ဒုတိယည၌ ၁၁ လုံး၊ တတိယည၌ ၁၁ လုံး၊ စိန်နားပန်နှင့် ညမီးကြီး စုစုပေါင်း ၃၁ လုံး၊ နေ့လွှတ်အရုပ် စုစုပေါင်း ၁၈၆ လုံး ယှဉ်ပြိုင်လွှတ်တင်ပြီးစီးခဲ့ပြီး နိုဝင်ဘာ ၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့၌ ဒုတိယအကြိမ် မြန်မာ့ရိုးရာ နွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ ကြီးကြပ်၍ စီစဉ်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့ရိုးရာ နွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ စတင်ယှဉ်ပြိုင်သည်။



အဆိုပါ နွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လှည်းအစီးပေါင်း ၂၈ စီး ဝင်ရောက်ယှဉ်ပြိုင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဒိုင်အဖြစ်ဆောင်ရွက်၍ ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အုပ်စုလေးဖွဲ့ခွဲ ယှဉ်ပြိုင်၍ အုပ်စုပထမ၊ အုပ်စုဒုတိယတို့ကို ဆက်လက်ယှဉ်ပြိုင်ပြီး ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ အထူးဆု ငွေကျပ် ၁၀ သိန်းနှင့် ပြိုင်ပွဲဝင် နွားအလှနှင့် နွားလှည်းယဉ်ကြော့များကိုငွေကျပ်ငါးသိန်းစီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ် နွားအလှနှင့် နွားလှည်းယဉ်ကြော့ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

တင်စိုးလွင်

## ဆိပ်ဖြူမြို့နယ်၌ လျှပ်စစ်ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

**ဆိပ်ဖြူ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ လျှပ်စစ်ဓာတ်အားစနစ်ကောင်းမွန်ရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေး လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများကြီးကြပ်၍ ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလျက်ရှိသော ဒေသခံပြည်သူများနှင့် လျှပ်စစ်ဓာတ်အားဖြင့် မိသားစုဝင်ငွေရရှိရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များ လျှပ်စစ်ဓာတ်အားစနစ်ကောင်းမွန်စွာဖြင့် ဓာတ်အားပြည့်ဝစွာရရှိစေရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မြို့နယ်လျှပ်စစ်မှူး ဦးစန်းဦးက ကြီးကြပ်၍ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းတည်ဆောက်ခွင့်ရရှိသည့် ကောင်းသစ်ပိုင်ထက်ကုမ္ပဏီက တာဝန်ယူ၍ဓာတ်အားလိုင်းများ ပြုပြင်ထိန်းသိမ်း၊ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဝန်ထမ်းများက မြို့တွင်းဓာတ်အားလိုင်းများနှင့် ထိစပ်လျက်ရှိသည့် သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မှူး ဦးစန်းဦးနှင့် တာဝန်ရှိသူများ ကွင်းဆင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလုပ်ငန်းများမရှိရေး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကိုဇွဲ(အညာမြေ)




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပန်းသီသည့်ပန်းများ ဝတ္ထုတိုစုစည်းမှု





စောမူးသာ၊ ခွန်သက်တင်ဆန်း၊ ရဲကျော်၊ JuNile၊ အမ်းသျှမ်း(သျှိသျှားမြေ)၊ ဖိုးခွား၊ မောင်ပြုံး၊ ပိုင်ဇင်ဇော်(သတ္တု)တို့ စုပေါင်းရေးသားထားသော ပန်းသီသည့်ပန်းများ ဝတ္ထုတိုစုစည်းမှုစာအုပ် ထွက်ရှိလာသည်။

စောမူးသာ ရေးသားသည့် ပန်းသီသည့် ပန်းများ၊ ခွန်သက်တင်ဆန်းရေးသားသည့် စည်းရိုးစစ်ဆင် အောင်ပွဲဆင်၊ ရဲကျော်ရေးသားသည့် ရုံးအုပ်ကြီး၊ JuNile ရေးသားသည့် ပိုပိုမုန်းတဲ့ ကွန်မန်ဒို၊ အမ်းသျှမ်း(သျှိသျှားမြေ)ရေးသားသည့် အေးချမ်းသာယာသော နယ်မြေသစ်ဆီသို့၊ ဖိုးခွားရေးသားသည့် ကြုံပလေ ဘုံပွေ၊ မောင်ပြုံး ရေးသားသည့် နှံ့ထဲက ကြာပန်းကလေးများ၊ ပိုင်ဇင်ဇော်(သတ္တု)ရေးသားသည့် ချည်မိသည့်ကြိုး ဖြေမှာစိုး စသည့် ဝတ္ထုတိုရှစ်ပုဒ်ပါရှိသည်။ တပ်မတော်သားတို့၏ ဘဝအတွေ့အကြုံများကို ရေးသားထားသည်။

စာအုပ်ကို အော်ကျူးမီဒီယာ ဖုန်း ၀၉၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ




သီပေါကိုလတ် ရေးသားသည့် ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်နှင့် စပ်လျဉ်း၍ ဖြူစင်အေးမြသော မေတ္တာတရားများ ထွန်းကားပြန့်ပွားစေရန်၊ မေတ္တာတရားအခြေခံ၍ တိုင်းရင်းသားများကြား ပိုမိုချစ်ခင်ရင်းနှီးစေရန်၊ မှားယွင်းသော အတွေးအခေါ် အယူအဆများနှင့် သံသယများ ကင်းရှင်းပပျောက်စေရန်၊ အလှမ်းကွာဝေးနေသော တိုင်းရင်းသားများ နီးစပ်မှုပိုမိုရရှိစေရေးအတွက် စာပေဖြင့် ပေါင်းကူးတံတားသဖွယ် သွယ်တန်းဆက်သွယ်၍ အထောက်အကူပြုပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ရေးသားထားသဖြင့် ဖတ်ရှုသူတို့အတွက် တစ်စုံတစ်ခုသော အတိုင်းအတာတစ်ရပ်အထိ လက်ခံကျေနပ်မှု ရရှိလိမ့်မည်ဟု စာရေးသူက မျှော်လင့်ထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉–၇၉၈၁၈၉၁၄၈၊ ၀၉–၇၆၀၄၆၈၁၃၈၊ အမှတ် ၂၁၉၊ လမ်း ၄၀(အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

**❊ အော့စ်ဘတ်မှ**

ဒွေါ့မွန်အသင်းအနေနဲ့ အော့စ်ဘတ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘွန်ဒက်လီဂါပွဲစဉ်(၉)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေပြီး အော့စ်ဘတ်အသင်းကတော့ အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

နိုဝင်ဘာ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ဘွန်ဒက်လီဂါပွဲစဉ်တွေမှာတော့ လိုက်ပ်ဇစ်အသင်းက စတုဂတ်အသင်းကို သုံးဂိုး–တစ်ဂိုး၊ မိုချန်ဂလာဘတ်ချ်အသင်းက ပေါလီအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဖရိုင်းဘတ်အသင်းနဲ့ ယူနီယံဘာလင်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ ဖရန့်ဖတ်အသင်းနဲ့ ဟောဒမ်ဟိမ်းအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဝါဒါဘရီမင်အသင်းနဲ့ မိန့်ဇ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် စသည်ဖြင့် အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# လူ့သီလ

ကျွန်တော်တို့သည် 'သီလပုညကြိယဝတ္ထု' အကြောင်း လေ့လာနေကြရာ၌ ဘိက္ခု- ဘိက္ခုနီ သာမဏေတို့ စောင့်ထိန်းရ သည့် သီလအကြောင်းကို အရိပ်အမြွက်မျှ သိကြပြီးဖြစ်သည်။

ယခုအခါ ဂဟဋ္ဌသီလခေါ် 'အိမ်မှာနေသူ လူဝတ်ကြောင်' တို့ စောင့်ထိန်းလိုက်နာရမည့် သီလ အကြောင်းကို ဆက်လက်မှတ်သားရမည်ဖြစ်သည်။

ဂဟဋ္ဌသီလမှာ အချုပ်အားဖြင့် နိစ္စသီလနှင့် ဥပေါသထသီလဟု နှစ်မျိုးမှတ်ထားနိုင်သည်။ နိစ္စ သီလဟူသည် ငါးပါးသီလကို ခေါ်ခြင်းဖြစ်သည်။

ထိုနိစ္စသီလခေါ် ငါးပါးသီလကို ကျွန်တော်တို့ အဖို့ ဆောက်တည်တည် မတည်တည်၊ လိုက်နာ စောင့်ထိန်းရမည့်သီလဖြစ်သည်။ ဆောက်တည် ထားသူပင်ဖြစ်ဖြစ်၊ မဆောက်တည်ထားသူပင် ဖြစ်ဖြစ်၊ ထိုငါးပါးသီလကို ကျူးလွန်လျှင် အပြစ်ရှိ သည်သာဖြစ်သည်။ ဤ၌ အပြစ်ဟူသည် အပါယ်ကျ ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

လူဝတ်ကြောင်တို့အဖို့ သရဏဂုံသုံးပါး ဆောက်တည်ပါက သရဏဂုံတည်သူသာ ဖြစ်သေး သည်။ သီလတည်သူ၊ သီလရှိသူမဖြစ်သေးချေ။ သီလကို သီးသန့်သက်သက် ဆောက်တည်ယူရမည် ဖြစ်သည်။

ဆောက်တည်သည့်အခါ၌လည်း "ပဉ္စသိက္ခာပဒံ




သမာဒိယာမိ"ဟု သိက္ခာပုဒ်ငါးမျိုးစလုံးကို တစ်ပေါင်းတည်း ဆောက်တည်၍လည်းရသည်။ "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် တစ်ပါးချင်းဆောက်တည်၍လည်း ရသည်။ သို့သော် ငါးပါးစလုံး တစ်ပေါင်းတည်း ဆောက်တည်ထားပါက တစ်ပါးပျက်က ငါးပါးစလုံး တစ်ခါတည်းပျက်သွားသည်။ တစ်ပါးစီဆို၍ ဆောက်တည်ထားပါက တစ်ပါးပျက်က ကျန်လေးပါး ရရှိသေးသည်။ ထိုပျက်သည့် တစ်ပါးကို ထပ်မံဆောက်တည်ပါက ငါးပါးပြန်ပြည့်သွား သည်။

သီလဆောက်တည်ရာ၌ ရက်အပိုင်းအခြား၊ လအပိုင်းအခြားနှင့် စောင့်ထိန်းကြသည်လည်း ရှိသည်။ ထိုသို့ ကာလကိုသတ်မှတ်၍ ဆောက်တည် ထားရာ၌ မိမိသတ်မှတ်ထားသော ကာလစေ့က သီလသိက္ခာပုဒ်များ အလိုလိုပျက်ပြယ်သွားပြီ ဖြစ်သည်။ အလိုရှိက ထပ်မံဆောက်တည်ရမည် ဖြစ်သည်။

တစ်ဖန်ဥပုသ်သီလဟူသည် ရှစ်ပါးသီလကို ခေါ်ခြင်းဖြစ်သည်။ ထိုရှစ်ပါးသီလကို ဥပုသ်နေ့တွင် သာ စောင့်ကောင်းသည်မဟုတ်။ ဥပုသ်နေ့မဟုတ် သောရက်များ၌လည်း စောင့်ကောင်းသည်ဖြစ်သည်။

ဖော်ပြပြီး သီလအမျိုးမျိုးကို **"ဆောင်ရန်- စာရိတ္တသီလနှင့် ရှောင်ရန်-ဝါရိတ္တသီလ"** ဟူ၍ ချုပ်၍ လည်း မှတ်ထားနိုင်သည်။ စာရိတ္တသီလမှာ မျိုးရိုး ဓလေ့ထုံးစံ ကျင့်ဝတ်ကောင်းများနှင့် သားသမီး ကျင့်ဝတ် စသည်တို့ဖြစ်ပြီး ရှောင်ရန် ဝါရိတ္တသီလ မှာမူ မပြုကျင့်ရန် ဘုရားရှင် သတ်မှတ်ပေးထားသော ငါးပါးသီလ စသော သီလတို့ဖြစ်သည်။ စာရိတ္တသီလ မှာ မပြုကျင့်က အပြစ်မရှိဘဲ ဝါရိတ္တသီလမှာမူ မပြုကျင့်ဘဲ ဖောက်ပြန်ပါက အပါယ်ကျခြင်းအပြစ်ရ လေသည်။

ထို့ကြောင့် ကျွန်တော်တို့အဖို့ ဆောင်ရန်- စာရိတ္တသီလနှင့် ရှောင်ရန်-ဝါရိတ္တသီလတို့ကို သတိရှိရှိထားပြီး သာသနာတွင်း လူသားတို့၏ရသင့် သော လူ့ဘဝအနှစ်သာရများကို စုမိဆောင်းမိရှိအောင် ဆည်းပူးသွားသင့်ပေသည်။

# ဘာဝနာ၊ ပတ္တာနုမောဒန

ကျွန်တော်တို့သည် "ဒါနနှင့် သီလ" ဟူသော ပုညကြိယ ဝတ္ထုနှစ်ပါးကို အခြေခံသဘောမျှ လေ့လာ ကြပြီးဖြစ်သည်။ ယခုအခါ၌ ဆက်လက်လေ့လာ ရဦးမှာက "ဘာဝနာ" ဟူသော ပုညကြိယဝတ္ထု အကြောင်းပင် ဖြစ်ပေသည်။

စင်စစ် ဘာဝနာဟူသည် "ဘာဝေတီတိ ဘာဝနာ" အရ ဖြစ်စေခြင်းပင်ဖြစ်သည်။ ဖြစ်စေ ဟူသည်မှာ ကျွန်တော်တို့ သန္တာန်၌ လွန်ကဲမြင့်မြတ် သော ကုသိုလ်တရားများကို ဖြစ်စေမှု၊ တစ်ကြိမ် တစ်ခါမျှ ဖြစ်ပြီးပါကလည်း ထိုတရားကို အထပ်ထပ် အခါခါ ထပ်တလဲလဲဖြစ်နေအောင် ပွားများအားထုတ် မှုကို ဘာဝနာဟုခေါ်သည်။ "ဘာဝေတိ" ဖြစ်စေ တတ်၏။ ဣတိ -

ထို့ကြောင့်။ ဘာဝနာ-ဘာဝနာမည်၏။

ထိုဘာဝနာကလည်း သမထဘာဝနာနှင့် ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိလေသည်။

ထိုနှစ်မျိုးအနက် သမထဘာဝနာ၌ သမထ ဟူသည် **'သမေတီတိ သမထော'**။ သမေတိ-ငြိမ်းအေး စေတတ်၏။ ဣတိ- ထို့ကြောင့်။ သမထော-သမထ မည်၏- ဟူသည်နှင့်အညီ ငြိမ်းအေးမှုပင်ဖြစ် သည်။

သမထ-ငြိမ်းအေးဟူရာ၌ ကိလေသာငြိမ်းအေး မှုပင်ဖြစ်လေသည်။ ထိုသမထကို ပွားများရာ၌ အာရုံမှာ ကမ္မဋ္ဌာန်း လေးဆယ်အနက်မှ တစ်ပါးပါးကို အာရုံယူပြီး စိတ်ထဲ၌ တည်ကြည်နေအောင် ပွားများ ရလေသည်။ ဥပမာ- အရိုးစုကမ္မဋ္ဌာန်းကို ပွားများပါက **"အရိုးစု - အရိုးစု"**ဟူ၍ စွဲစွဲမြဲမြဲထင်မြင်လာအောင် ဖြစ်ပွားနေစေရမည်။ အလားတူ အရဟံဆိုကလည်း **"အရဟံ-အရဟံ"**ဟု ပွားများရပေမည်။ ဤသို့ သမထဖြစ်ပွားစေမှုကို သမထဘာဝနာဟု ခေါ်ရ လေသည်။ တရားကိုယ်မှာ သမာဓိဦးစီးသော မဟာ ကုသိုလ်ဇောစိတ်ပင်ဖြစ်သည်။

ဝိပဿနာဘာဝနာ၌ ဝိပဿနာဟူသည်ကား **"ဝိသေသေန ပဿတီတိ ဝိပဿနာ**။ ဝိသေသေန- အထူးသဖြင့်။ ပဿတိ-ရှုမြင်တတ်၏။ ဣတိ- ထို့ကြောင့်။ ဝိပဿနာ- ဝိပဿနာ မည်၏" ဟူသည် နှင့်အညီ အထူးတလည် ရှုမြင်မှုကို ဝိပဿနာဟု ခေါ်ရလေသည်။

အထူးမြင်ရာ၌ အများက **လူကောင်၊ နတ်ကောင်၊ ကျွဲ၊ နွား** စသည်မြင်သည်။ **နိစ္စ၊ သုခ၊ အတ္တ၊ သုဘ** ဟုမြင်သည်။ ဝိပဿနာအမြင်ကမူ ထိုသို့မဟုတ်။ ရုပ်နာမ်ဟုသာ မြင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စသည်ဖြင့် မြင်သည်။ ဤသို့ မြင်သည်ကို အထူးရှုမြင်ဟု ဆိုရသည်။ ထိုအမြင်သည် ဉာဏ်ပညာဖြင့် မြင်သော အမြင်ဖြစ်သည်။ ထို့ကြောင့် ဝိပဿနာ၏အာရုံမှာ တေဘူမက သင်္ခါရ ခေါ် ရုပ်နာမ်အာရုံသာဖြစ်သည်။ တရားကိုယ်အရာ မှာ ပညာဉာဏ်ဦးစီးသော မဟာကုသိုလ်ဇောစိတ် ပင်ဖြစ်သည်။

> **ဘာဝနာဟူသည် "ဘာဝေတီတိဘာဝနာ" အရ ဖြစ်စေခြင်းပင် ဖြစ်သည်။ ဖြစ်စေဟူသည်မှာ ကျွန်တော်တို့သန္တာန်၌ လွန်ကဲ မြင့်မြတ်သော ကုသိုလ်တရားများကို ဖြစ်စေမှု၊ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပြီးပါကလည်း ထိုတရားကို အထပ်ထပ် အခါခါ ထပ်တလဲလဲ ဖြစ်နေအောင် ပွားများအားထုတ်မှုကို ဘာဝနာဟုခေါ်သည်။ ထိုဘာဝနာ ကလည်း သမထဘာဝနာနှင့် ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိ**

သမထဘာဝနာ အားထုတ်ခြင်းကြောင့် ဈာန် တရားကိုရရှိနိုင်ပြီး ဝိပဿနာဘာဝနာကို အားထုတ် ခြင်းကြောင့် မဂ်တရား၊ ဖိုလ်တရားကို ရရှိနိုင်လေ သည်။

သို့ဖြင့် ဘာဝနာကို အားမထုတ်ဖူးသေးသူများ အဖို့ နီးစပ်ရာ နည်းမှန်လမ်းမှန်ပြနိုင်သော ဆရာ ကောင်းကို အမှီပြုပြီး ဘာဝနာဟူသော ပုညကြိယ ဝတ္ထု ကုသိုလ်ထူးကို အမိအရ ဆည်းပူးယူသင့်ပေ သည်။

## ပတ္တာနုမောဒန

ကျွန်တော်တို့ "ပတ္တာနုမောဒန" ဟူသော ပုညကြိယဝတ္ထုအကြောင်း ဆက်လက်လေ့လာနေဖို့ အလှည့်ကျလာသည်။ ပုညကြိယဝတ္ထုဟူသည် ကောင်းမှုကုသိုလ်အကျိုး၏ တည်ရာဖြစ်၍ ပြုသင့် ပြုထိုက်သော ကုသိုလ်များပင် မဟုတ်ပါလား။

စင်စစ် ပတ္တာနုမောဒန- ဟူသည် တစ်စုံတစ်ဦး က အမျှအတမ်းပေးဝေလိုက်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ကြောင်း ကုသိုလ်စေတနာပင်ဖြစ်သည်။

ပတ္တာနုမောဒနာနှင့် စပ်ဆိုင်ရာ အဋ္ဌကထာ ဆရာကြီးတို့၏ အဖွင့်အပြကို အနှစ်ချုပ်လေ့လာဖို့ လိုသေးသည်။ သို့မှသာ သာဓုခေါ်ရာ၌ ပီပီပြင်ပြင် ရှိလာနိုင်သည်။

အဋ္ဌကထာဆရာတို့က ပတ္တာနုမောဒန-ကို ပတ္တိ တစ်ပုဒ်၊ အနုမောဒန တစ်ပုဒ်ဟု နှစ်ပုဒ်ခွဲခြားပြီး အဓိပ္ပာယ်ဖွင့်ပြကြသည်။ ထိုတွင် အနုမောဒနာ- ဟူသည် ဝမ်းမြောက်ခြင်းပင်ဖြစ်သည်။ ထိုဝမ်းမြောက်မှုသည် (၁) အမျှဝေသည်ကို သာဓုခေါ် ဝမ်းမြောက်မှုနှင့် (၂) သူက အမျှမဝေပါဘဲ ကိုယ်က သူ့ကောင်းမှုကို သိရသဖြင့် မိမိဘာသာ မိမိ သာဓုခေါ် ဝမ်းမြောက်မှုဟု ဝမ်းမြောက်ခြင်း နှစ်မျိုးရှိသည်။

ထိုတွင် သူအမျှဝေသည်ကို ဝမ်းမြောက်မှုသည် "ပတ္တာနုမေဒနာကုသိုလ်" ဖြစ်ပြီး အမျှမဝေဘဲလျက် ကိုယ့်ဘာသာကိုယ်ဝမ်းသာ သာဓုခေါ်မှုမျိုးကျတော့ ပတ္တာနုမောဒနာ ကုသိုလ်မခေါ်ဘဲ "အနုမောဒန" ဟုသာ ခေါ်ရပေသည်။

တစ်ဖန် ပတ္တိနှင့် စပ်၍လည်း နှစ်မျိုးဖွင့်ပြသည်။ ဤ၌ ပတ္တိ-ဟူသည် ကုသိုလ်ရှင်က အမျှဝေလိုက်သော ကုသိုလ်ကို ခေါ်သည်။ ထိုသို့ဝေရာ၌ (၁) ကွယ်လွန် သူပြိတ္တာတစ်ဦးဦးကို တိုက်ရိုက်ရည်စူး၍ ပေးအပ် သောအဖို့ (ဥဒ္ဒိဿိကပတ္တိ) နှင့် (၂) ဘယ်သူ့ကိုမှ မရည်စူးဘဲ သတ္တဝါအားလုံးကို ဝေငှသော ကုသိုလ် အဖို့ (အနုဒ္ဒိဿိကပတ္တိ) ဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုး အနက် ရည်စူး၍ ဝေငှရာ၌ ဆိုင်ရာပြိတ္တာက သာဓု ခေါ်ရလျှင် ဒိဋ္ဌဓမ္မအကျိုးခံစားရသည်။ ပြိတ္တာဘဝမှ လွတ်သည်။ ဝတ္ထုသာဓကအနေဖြင့် ပေတဝတ္ထုတွင် အများအပြားရှိသည်။ ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ သတ္တဝါအားလုံးကို ဝေငှရာ၌ သာဓုခေါ် ဝမ်းမြောက် သော ပတ္တာနုမောဒန ကုသိုလ်အတွက် ဒိဋ္ဌအကျိုး ခံစားရသော သာဓက ဝတ္ထုကျမ်းဂန်များတွင် မရှိပေ။

သို့ပင်မရှိသော်လည်း ကုသိုလ်အကျိုးပေးများ ဆန်းကြယ်မှုကိုထောက်၍ ပစ္စုပ္ပန်ဘဝ၌လည်း ပတ္တာနုမောဒနကုသိုလ်ရှင်အတွက် အထောက်အကူ ပေးသွားမည်မှာ သေချာသည်။ အမျှမဝေဘဲ သာဓု ခေါ်သော အနုမောဒနာကုသိုလ်သည်လည်း ထို့အတူ အကျိုးပေးနိုင်သည်။

အခုခေတ် အချို့အမျှဝေရာ၌ "ကွယ်လွန်သူ ဘယ်သူ ဘယ်ဝါနှင့်တကွ သတ္တဝါအားလုံးအား အမျှ ပေးပါ၏" ဟု ပေးဝေတတ်ကြရာ "ဥဒ္ဒိဿိကပတ္တိ" ရော "အနုဒ္ဒိဿိကပတ္တိ"ပါ နှစ်မျိုးစလုံးပါသည်မို့ အဝေအငှကောင်းသည်ဟု ဆိုရပေမည်။

သို့ဖြင့် ပတ္တာနုမောဒနာအကြောင်းကို မှတ်သားပြီး အကျိုးဖြစ်ထွန်းအောင် အသုံးချတတ်ဖို့ လိုပေသည်။ ။

# MNL ပြိုင်ပွဲတွင် သစ္စာအားမာန်နှင့် ရာမညယူနိုက်တက် တစ်ဂိုးစီသရေကျ

ရန်ကုန် နိုဝင်ဘာ ၁

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ပထမနေ့ကို နိုဝင်ဘာ ၁ ရက်က YUSC ကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

MNLသို့ ပထမဆုံး တန်းတက်လာပြီး ရှုံးနိမ့်နေရသည့် ရာမညယူနိုက်တက်အသင်းသည် နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သော်လည်း သစ္စာအားမာန်အသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ ယခုပွဲတွင်လည်း နှစ်ယောက်လျော့အနေအထားဖြင့် သရေတစ်မှတ်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းမှာမူ ရန်ကုန်ယူနိုက်တက်လိုအသင်းမျိုးကို အနိုင်ကစားနိုင်သော်လည်း အမှတ်ရသင့်သည့်ပွဲများတွင် အမှတ်ဆုံးရှုံးခဲ့သဖြင့် နစ်နာခဲ့ရသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပထမပိုင်းပြီးခါနီးတွင် ဖိုးခန့်ကျော်က ရာမညယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သလို ကစားသမားအသာရထားသော်လည်း ရှုံးနိမ့်ခဲ့ရပြီး နောက်ဆုံးမိနစ်မှ ဂိုးပြန်ရခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို ၉၀+၈ မိနစ်တွင် မြတ်ဘုန်းခန့်က သွင်းယူခဲ့သည်။



သစ္စာအားမာန်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၈) ဒုတိယနေ့ကို နိုဝင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ ရတနာပုံအသင်းနှင့် Dagon Portအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MNL


## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်-၃၀၀၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ **ဦးကိုကိုဌေး [၅/ဘတလ(နိုင်)၀၁၄၇၄၉]** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်သူကိုယ်တိုင်မှ ဥပဒေနှင့်အညီ အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရောက်ရရှိထားကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာမရှိသောကြောင့် ရောင်းချပိုင်ခွင့် အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြဿာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၄၃၂၁၈၀၁၃၊ ၀၉ ၇၈၆၃၁၇၂၈၀**



## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြိတ်လမ်း၊ မြေကွက်အမှတ်(၁၀၁၅/ခ)၊ အကျယ်အဝန်းပေ(၂၁x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိသော အကျိုးခံစားခွင့်အားလုံးတို့၏ အမည်ပေါက်သူ ဒေါ်တင်တင်ဝင်း[၁၂/အလန(နိုင်)၀၁၅၁၂၃]၊ ဒေါ်ခင်ခင်အေး [၁၂/အလန(နိုင်)၀၁၅၁၁၁] အမည်တို့ဖြင့် မှတ်သားတည်ရှိပြီး တရားဝင် လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိရာ အထက်ပါ အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးအေးနိုင် [၁၂/မရက(နိုင်)၀၆၁၀၇၃] ကိုင်ဆောင်သူမှ (၂၂-၁၀-၂၀၂၅) ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း (ဂရန်) အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ယင်းအိမ်ခြံမြေ အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၂)**

**ဒေါ်နန့်အိဆုမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၄၀၁)**

**အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-422464007,09-795598060**


# ကော့သောင်းမြို့နယ်၌ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း နိုဝင်ဘာ ၁**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်း မြို့၌ ကော့သောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမကျန်ရှိစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာအုပ်စု ရွာလယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ် ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးနှင့် တာဝန်ရှိသူများသည် ရပ်/ကျေး မြေပြင်ကော်မတီ အုပ်ချုပ်ရေးမှူး၊ ရပ်/ကျေး စာရေး၊ ရွာတာဝန်ခံများနှင့် တွေ့ဆုံ၍ မဲပေးပိုင်ခွင့်ရှိသူများ၊ မဲစာရင်းမကျန်ရှိစေရေးအတွက် အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ လာရောက်ဆောင်ရွက်နိုင်ရေး၊ အိမ်ထောင်စုအလိုက် လူမရှိသူများ၊ ခရီးလွန်နေသူများ စာရင်းနှင့် ခရီးမှ ပြန်လည်ရောက်ရှိလာသူများ အား မှတ်တမ်းထား ပေးပို့နိုင်ရေးနှင့် အသက်(၇၅)နှစ်အထက် စာရင်းများ တိုက်ဆိုင်စိစစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)


## ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် Zone-A၊ တိုက်အမှတ်-A-2၊ တိုက်ခန်းအမှတ်-202၊ တိုက်ခန်းအမျိုးအစား Type(B) တိုက်ခန်းအကျယ်အဝန်း (၉၀၅ စတုရန်းပေ) ရှိသည့် တိုက်ခန်း၏ပိုင်ဆိုင်မှု ၅၀% အပါအဝင် အခြားအကျိုးခံစားခွင့်အရပ်ရပ်အားလုံးစသည်တို့ကို မူလပိုင်ဆိုင်သူ ဒေါ်ချိုသက်ပိုင် [၁၄/ကကန(နိုင်)၀၇၃၅၇၀]မှ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်မေဦးခိုင် [၁၄/ပသရ(နိုင်)၀၀၂၄၆၅]မှ ဝယ်ယူလိုသောကြောင့် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ရောင်းချသည့်တိုက်ခန်းတန်ဖိုးအား အပြေအကျေပေးချေကာ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်မေဦးခိုင်က တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် အထက်ပါ တိုက်ခန်း၏ တိုက်ခန်းပိုင်ဆိုင်မှုနှင့်တကွ တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်စာတမ်းများအားလုံးတို့သည် ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်မေဦးခိုင်၏ လက်ဝယ်၌ တရားဥပဒေနှင့်အညီ ရရှိထားပြီး ယခုအခါ တိုက်ခန်းအား တစ်ဦးတည်း လက်ဝယ်ထားရှိ ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မေဦးခိုင်**
**[၁၄/ပသရ(နိုင်)၀၀၂၄၆၅]**

**လွှဲအပ်ညွှန်ကြားခြင်းခံရသူများ**
**ဒေါ်သီသီအေး (LL.B,D.I.L,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၇၅)**
**ဒေါ်လွင်မာဝင်း** **ဒေါ်ခင်ခင်ကြီး(LL.B)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၂၆၂၃၇)** **(စဉ်-၅၃၈၉၂)**
**အမှတ် - ၆/ခ၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၃၁၇၆၀၃၂၊ ၀၉-၅၁၅၃၄၃၂၊**
**၀၉-၄၂၅၁၀၅၃၂၉**


# ထားဝယ်မြို့နယ်၌ မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများအား စိုက်ပျိုးရေးအသိပညာပေး

**ထားဝယ် နိုဝင်ဘာ ၁**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် သမဝါယမအသင်းများက ၈က ၁၁ ၈က အထွက်တိုး



စပါး စိုက်ပျိုးထားသည့် ဘုမ္မော်ရပ်ကွက် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ ရှမ္မတွင်းကျေးရွာ ဖွဲ့အားမာန်လယ်ယာနှင့် အထွေထွေသမဝါယမ အသင်းများမှ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများ၌ အောက်တိုဘာ ၃၀ ရက်တွင် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးရွှေဝင်း၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ တောင်သူများ၏ မိုးစပါးစိုက်ခင်းအချို့တွင် ရေရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပုသိမ်ကြီး နိုဝင်ဘာ ၁

ပုသိမ်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသော ညောင်ပင်သာ-ဆင်ရွာ တောလမ်း အရှည် သုည ဒသမ ၆၃၅ ကီလိုမီတာရှိ ကတ္တရာလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်နှင့် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးတို့က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ကြီးမြို့နယ် ဦးစီးအရာရှိ (မြို့ပြ)ဒေါ်မိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ် ဦးလှခိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စဉ့်ကိုင် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကင်းလပ်-မြောက်တောကြီး- တအုံလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ညောင်ပင်ကြီး- ထန်းသုံးပင်- ကင်းလပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါ ကင်းလပ်-မြောက်တောကြီး- တအုံလမ်း အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ပေ၊ ဒု ခုနစ်လက်မရှိ ကွန်ကရစ်လမ်းနှင့် ညောင်ပင်ကြီး- ထန်းသုံးပင်- ကင်းလပ်လမ်း အရှည်ပေ ၁၃၂၀၊ အကျယ် ၁၂ပေ၊ ဒု ၁၅ လက်မ ကတ္တရာ



လမ်းတို့ကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းပြီးစီးပါက အဆိုပါကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသွား ဈေးလာသူများ၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**အကြိမ်(၈၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ည - ၉၈၁၆၁၂

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ခ - ၃၁၆၄၃၂ ခ - ၇၅၀၃၇၃

ကံထူးရှင်(၂)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ခ - ၄၁၀၉၅၄ ဈ - ၇၉၁၂၀၀

ကံထူးရှင်(၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဇ - ၃၂၇၉၂၉ | ဈ - ၅၃၈၄၉၄ |
| ဇ - ၅၀၉၄၀၀ | ဈ - ၈၅၀၂၀၅ |

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| င - ၂၈၉၉၉၈ | ဃ - ၆၄၇၆၄၃ |
| ဃ - ၃၉၇၇၇၅ | က - ၉၃၉၅၁၄ |
| ဈ - ၅၉၅၈၉၆ | ဋ - ၉၅၇၂၁၅ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| က - ၂၆၂၅၃၂ | ဋ - ၃၈၀၇၉၂ | ဋ - ၆၄၄၀၈၄ |
| ဋ - ၃၁၁၉၈၀ | ည - ၄၂၃၃၆၃ | က - ၆၈၈၄၉၀ |
| စ - ၃၄၂၃၄၃ | ည - ၄၄၄၇၆၄ | က - ၉၅၈၄၅၂ |

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဇ - ၂၁၂၁၀၆ | ဇ - ၆၇၂၀၆၇ |
| ဇ - ၂၂၃၀၉၉ | ခ - ၆၉၇၄၅၉ |
| ဇ - ၃၈၉၄၀၆ | ဆ - ၇၅၄၈၀၀ |
| ဇ - ၄၉၈၂၀၇ | စ - ၇၅၆၁၈၉ |
| စ - ၅၅၁၄၃၄ | ခ - ၈၂၁၀၆၁ |
| ည - ၆၃၀၈၂၇ | ဆ - ၈၂၇၈၂၈ |
| စ - ၆၆၁၃၂၂ | |

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| စ - ၁၄၆၄၂၆ | ဂ - ၃၅၅၂၈၈ | ဇ - ၅၄၄၁၉၃ |
| ဂ - ၂၃၉၉၇၈ | ဇ - ၃၈၆၇၄၃ | ဂ - ၅၈၅၀၈၅ |
| င - ၂၅၅၄၃၃ | ဃ - ၄၁၆၈၂၀ | ည - ၇၀၈၆၃၆ |
| စ - ၂၅၉၂၈၄ | စ - ၄၄၂၃၇၂ | ဈ - ၇၈၆၂၉၆ |
| ဇ - ၃၂၈၃၁၄ | ဈ - ၄၅၉၃၅၉ | ခ - ၈၄၂၈၉၀ |
| ခ - ၃၅၁၉၃၂ | ခ - ၄၆၁၇၀၀ | ဋ - ၉၀၂၄၉၁ |

ကံထူးရှင်(၁၈)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ခ - ၁၈၄၂၈၆ | က - ၄၉၈၅၉၂ |
| ဇ - ၂၀၀၀၆၄ | ဋ - ၅၂၅၃၄၀ |
| ဋ - ၃၀၇၇၉၃ | ဆ - ၅၆၄၁၆၄ |
| ဈ - ၃၆၇၈၀၄ | ဇ - ၆၀၀၀၀၅ |
| ဃ - ၃၇၁၆၂၁ | ည - ၆၀၅၆၅၀ |
| ဇ - ၃၈၄၇၃၀ | ဆ - ၆၃၁၅၃၅ |
| ဃ - ၄၁၃၉၀၅ | ဈ - ၆၈၆၈၀၃ |
| က - ၄၂၉၆၉၃ | င - ၇၆၄၀၅၆ |
| ဃ - ၄၄၆၉၃၇ | က - ၉၅၅၇၅၃ |
| က - ၄၈၃၈၆၁ | ည - ၉၈၆၀၈၄ |

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

စ - ၁၈၂၇၅

ဇ - ၄၁၁၉၂

က - ၉၇၉၃၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်

| | |
|---|---|
| ဇ - ၁၂၇၅ | စ - ၆၆၈၄ |
| ည - ၂၇၀၂ | ဇ - ၆၇၃၈ |
| ဋ - ၃၂၅၉ | ဇ - ၇၉၁၂ |
| ခ - ၄၂၃၈ | ဈ - ၈၆၉၀ |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၅)ယူနစ်

| | | |
|---|---|---|
| င - ၃၆၄ | ဇ - ၆၆၀ | ဆ - ၇၇၉ |
| င - ၄၈၅ | ဇ - ၇၄၂ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

င - ၅၀ ဋ - ၅၀ င - ၅၄ ခ - ၅၇ ဇ - ၆၈ က - ၉၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဂ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| က - ၃၄၃၈၁၂ | ဈ - ၈၀၈၃၉၂ |
| ည - ၅၆၉၆၅၉ | ဈ - ၉၂၈၉၆၀ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဆ - ၅၇၆၄၂ ဇ - ၅၉၁၇၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဋ - ၂၀၀၆ ဋ - ၄၁၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ဈ - ၁၉၁ ဇ - ၆၆၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် အကြိမ်(၈၀)မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၆၅၉၀၅ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၆၅၉၀၅ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဋ) အက္ခရာထိ အက္ခရာ (၁၁)လုံး ဖြစ်ပါသည်။

၃။ အကြိမ်(၈၀)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၅ - ၁၁ - ၂၀၂၅ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၃- ၁၁- ၂၀၂၅ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ [အပိုဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ [အပိုဒ်(၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(ဃ) စက်မှုအင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]

(င) သုတနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်)]

(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ [အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်)]

(ဆ) စက်မှုလယ်ယာနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်)]

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)]

(ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၅ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၅ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများနေထိုင်ရာဒေသသက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၄)၊ ခေမာ (၇)လမ်း၊ မြေကွက်အမှတ်-၁၀၄၊ မြေအကျယ် (အလျား ၃၀ပေ x အနံ ၅၀ပေ)ရှိသော ဒေါ်သန်းကြည် အမည်ပေါက် နှစ် (၆၀) ဂရန် မြေကွက်ထဲမှ (ထိုမြေကွက်ကြီး၏ ခြေရင်းဘက်ခြမ်း) မြေအကျယ် (အလျား ၁၅ပေ x အနံ ၅၀ပေ)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်အိမ်တစ်လုံး (ရေ၊ မီးစုံ) ပါနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူများဖြစ်သော ဦးအောင်အောင် [၇/ပခန(နိုင်)၃၃၂၁၇၅]နှင့် ဒေါ်အိသဉ္ဇာကို [၁၂/ဥကမ (နိုင်)၂၂၆၂၇၄] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမာအောင် [၇/ပခန(နိုင်)၃၈၅၁၄၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်ခြံမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| **ဒေါ်ဟေမာအောင်** | **ဒေါ်ခင်ရွှေဦး (LL.B)** |
| **[၇/ပခန (နိုင်)၃၈၅၁၄၄]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၉)** |
| | **အမှတ် (၉/၁၁)၊ ဒုတိယထပ်၊ အခန်း (၂၀၂-E)** |
| | **(၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်။** |
| | **၀၉-၄၂၁၀၂၂၃၂၅၊ ၀၉-၇၈၁၆၅၁၁၂** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၆)၊ မြဝတီလမ်း၊ မြေကွက်အမှတ်(၃၈)၊ ဦးသန်းဇော်[၁၂/သဃက(နိုင်) ၀၉၂၃၅၀]စာအမှတ်(၇၅၂)၊ ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေ၊ မြေကွက်၏ တရားဝင် ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိသေးသော (၂၀x၆၀)ပေ မူရင်း မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်၊ လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့်အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ် စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးမျိုးမင်းလှိုင်[၅/ထမန(နိုင်)၀၇၀၁၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူဝင်း[၇/ပခတ(နိုင်)၀၇၈၄၂၅]မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်၊ စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**ဒေါ်ဖြူဖြူဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၇၈)၊ ဦးပိုင်အမှတ်(၈၀ဃ+၉၁)၊ ၃၆လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ယမင်းစန်း [၁၂/ဒဂတ(နိုင်)၀၁၂၈၈၄]က အမှုတွဲအမှတ်(၃၂၆၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်ရပ်ကွက်၊ အမှတ်(၈၁၅/ခ)၊ အကျယ်အဝန်း၊ အလျား ၂၀ပေ x အနံ ၆၀ ပေရှိ ဦးဘညာဏ်အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဦး [၁၂/သကတ(နိုင်)၁၅၁၇၅၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်မိုးမြတ် (LL.B),(D.I.L)** | **ဒေါ်နန်းနုဝတီ (LL.B, D.B.L, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၅၈၁)** | **(စဉ်- ၁၅၈၃၁)** |

**အမှတ် ( ၃၈ /ဘီ ) ဦးသင်းဖေလမ်းသွယ်၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၇၅၇၆၄၁၁၇၀၊ ၀၉- ၇၉၇၅၁၂၀၃၆**

## တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားလွှာကို လျှောက်ထားခံရသူထံသို့ ပေးပို့ရန် အကြောင်းကြားစာ
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၆၆

| | | |
|---|---|---|
| မြန်မာ့သင်္ဘောကျင်းလုပ်ငန်း (၎င်းကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ-ဦးမျိုးဇော်ထွန်း) | နှင့် | ၁။ Myanma Shipyards-AMECC Joint Venture Co., Ltd.<br>၂။ AMECC Mechanical Construction JSC (Mr. Nguyen Van Tho, Chairman)<br>၃။ Dong A Shipbuilding Industry JSC(Mr. Ngo The Cu, General Director)<br>၄။ Great Chance Company Limited |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ(၂)လမ်း၊ အေးရိပ်သာကွန်ဒို၊ အမှတ်- ၄၈၃၊ အခန်းအမှတ်-၉-ဘီ နေ (လျှောက်ထားခံရသူ-၄) Great Chance Company Limited (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ မြန်မာ့သင်္ဘောကျင်းနေ လျှောက်ထားသူ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း (၎င်းကိုယ်စား ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဇော်ထွန်း)သည် **မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီကို လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၉ နှင့် ပုဒ်မ ၁၆၁(၄)အရ တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းပေးပါရန်** တရားစွဲဆိုလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်။ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်) နေ့၊ မွန်းမတည့်မီ ၁၀:၀၀ နာရီ** အချိန်တွင် အထက်အမည်ပါသူ၏ လျှောက်လွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ကြားနာစစ်ဆေးစီရင်မည်။ သင်က ကန့်ကွက်ချေပလွှာတင်သွင်းလိုလျှင် အထက်ဖော်ပြပါ နေ့ရက်တွင်ဖြစ်စေ၊ သို့တည်းမဟုတ် ဤရုံးတော်က ညွှန်ကြားသည့် သီးခြားနေ့ရက်တွင်ဖြစ်စေ တင်သွင်းနိုင်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ခရိုင်တရားသူကြီး**
**ကမာရွတ်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

**ကြေညာချက်အမှတ်၊ ၇ /၂၀၂၅**
**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်**
**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်**

အကြောင်းအရာ။ **စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှုခံယူမည့်သူများ အမည်စာရင်း ကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ **ကြော်ငြာစာအမှတ်၊ (၁/၂၀၂၅)**ဖြင့် ခေါ်ယူထားသည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၈)ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး(၆၀၉)နေရာအတွက် ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့် အချိန်တို့ကို ကြေညာချက်အမှတ်(၅/၂၀၂၅)ဖြင့်လည်းကောင်း၊ **ကြော်ငြာစာအမှတ်၊ (၂/၂၀၂၅)** ဖြင့် ခေါ်ယူထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/ တတိယအတွင်းဝန် **(အမျိုးသား/အမျိုးသမီး)**ရာထူး (၃၀)နေရာအတွက် ရေးဖြေအောင်မြင်သူများ၏ အမည်စာရင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာချက်အမှတ်(၆/၂၀၂၅)ဖြင့်လည်းကောင်း၊ ၁-၁၁-၂၀၂၅ ရက်နေ့မှစတင်၍ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာသင်ပုန်းနှင့် Myanmar National Portal - www.myanmar.gov.mm** တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ **စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမှုခံယူမည့်ပုဂ္ဂိုလ်များသည် ကြေညာချက်(၂)ခုတွင် ဖော်ပြထားသည့် နေ့ရက်များအတိုင်းပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ စိတ်အခြေအနေနှင့် လူတွေ့ဖြေဆိုနိုင်ရေး မပျက်မကွက် လာရောက်သတင်းပို့ကြပါရန် အသိပေးဖော်ပြအပ်ပါသည်။**

၃။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/ ၀၉-၇၉၇၇၂၇၆၉၆/ ၀၉-၂၆၂၅၀၂၉၈၈ နှင့် ၀၉-၄၀၅၁၁၁၀၄၀)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၆) ၊(၅)လွှာ(ဝဲ)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)၊ တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့အား မိမိကိုယ်တိုင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟ ကြေညာသော ပိုင်ရှင်ဖြစ်သူ ဒေါ်အေးသန္တာအောင် [၁၀/မလမ(နိုင်)၁၅၆၀၀၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ **ဤသတင်းစာ ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း** ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၈၉၁၂)**
**အမှတ်(၅၆၅/က)၊ မာန်အောင်လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၆၃၃၅၃၅၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၅)လမ်း၊ အမှတ်(၇၈)(ပဉ္စမထပ်)(အေ)ရှိ တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိမိရီ [၁၂/ဗတထ(နိုင်)၀၂၄၈၄၆] မှ ရောင်းချရန် အဆိုပြု ကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ တိုက်ခန်းအား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအပြည့်အစုံမူရင်းများဖြင့် ကျွန်ုပ်ထံ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အထက်ပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မြတ်နိုး(LL.B)(DBL)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၀)**
**အမှတ်(၂၄)၊ လမ်းကျယ်လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၃၇၄၈၆**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ကျွန်တော် ဦးမင်းသူ(ဘ) ဦးစိန်ထွန်း [၉/ရမသ(နိုင်) ၀၈၅၃၃၂]၏ မွေးသက္ကရာဇ် အမှန်မှာ (၃၀-၁၀-၁၉၇၅) ဖြစ်ပါသည်။ **ဦးမင်းသူ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/ အပိုင်း-၇)၊ ဦးပိုင်အမှတ် (၁၀)၊ ၆၉(A) လမ်း၊ ၃၇x ၃၇(A)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဟန်ထိုက်လင်း [၅/ခတန(နိုင်) ၀၀၀၄၉၀] က အမှုတွဲအမှတ် (၃၂၄၈/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာရပ်ကွက်၊ အမှတ်-CL3/201၊(၂) လွှာ၊ တိုက်ခန်း ဥပစာကို ဒေါ်အေးမြကြည်ဖြူ အမည်ဖြင့် တိုက်ခန်းဥပစာနှင့် ယင်းတိုက်ခန်းဥပစာပေါ်တွင် တွဲကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆောက်အအုံနေထိုင်ခွင့် စာချုပ်စာအုပ်ပိုင်ရှင် ဒေါ်အေးမြကြည်ဖြူ[၁၂/ကတန(နိုင်) ၀၇၆၃၂၇] ပိုင်ဆိုင်လက်ဝယ်ထားရှိ၍ ၎င်းသာလျှင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၂၇)**
**အမှတ်- ၈၃/၈၅၊ အခန်း (၁၄)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၄၇၅၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၆)၊ ၅ လွှာနေ ဒေါ်အေးမြိုင်၏သား မှတ်ပုံတင်အမှတ် [၁၀/သထန(နိုင်)၂၂၉၈၉၂] ကိုင်ဆောင်သူ ပြည့်စုံဦး (ခ) ဇွဲပြည့်စုံသည် မိခင်နှင့် ညီအစ်ကိုမောင်နှမများနှင့် ဘေးပတ်ဝန်းကျင်အပေါ် ဆိုးရွားလွန်းသော စိတ်ဒုက္ခမျိုးစုံ၊ စိတ်ဆင်းရဲမှုမျိုးစုံကို နေ့စဉ်ရက်ဆက်ပေးလျက်ရှိပါသည်။ ထို့အပြင် မိခင်၏ဆုံးမစကားကို မနာခံဘဲ၊ မိခင်၏ ကျန်းမာရေးကို မငဲ့ကွက်ဘဲ ခွင့်မပြု၊ ခွင့်မလွှတ်နိုင်သော အပြုအမူများဖြင့် ၎င်း၏စိတ်ဆန္ဒသဘောအတိုင်း ကိစ္စရပ်တစ်ခုအား ပြုမူဆောင်ရွက်သွားပါသဖြင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ကိုပြည့်စုံဦး (ခ) ဇွဲပြည့်စုံနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ကိုပြည့်စုံဦး (ခ) ဇွဲပြည့်စုံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်အေးမြိုင်**
**[၁၀/သထန(နိုင်)၀၇၈၁၆၀]**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၅-၂၀၂၆) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-15DMS/2025-2026(L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၃၁-၁၀-၂၀၂၅ ရက်၊ (သောကြာနေ့) |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ | - ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၇-၁၁-၂၀၂၅ ရက်၊ (တနင်္လာနေ့) မွန်းတည့် (၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဒေါ်ဝသုန်ဖြိုး[၁၄/ပသန(နိုင်)၂၀၇၇၃၈] ကိုင်ဆောင်သူနှင့် အများသိစေရန် ကြော်ငြာခြင်း

ဒေါ်အေးစန္ဒာစိုး[၁၂/သကတ(နိုင်)၁၅၃၃၉၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါ (၄) လမ်း၊ အမှတ်(၁၁၀၃/က) (ခြေရင်းခြမ်း) (၁၀ ပေx၆၀ ပေ)ရှိ အိမ်နှင့်ခြံအား ကျွန်ုပ်၏အမှုသည် ဒေါ်အေးစန္ဒာစိုးသည်(၂၂-၁-၂၀၂၄)ရက်နေ့က ဒေါ်ဝသုန်ဖြိုးအား ရောင်းချ၍ လက်ရောက် ပေးအပ်ခဲ့သော်လည်း ဝယ်ယူသူ ဒေါ်ဝသုန်ဖြိုးမှ ရောင်းဖိုးကျန်ငွေအား အပြီးအပြတ်ပေးချေခြင်း မရှိသေး၍ အဆိုပါအိမ်နှင့်ခြံအား အခြားသူများထံ ထပ်ဆင့်ပြန်လည်ရောင်းချခြင်း မပြုလုပ်ရန်နှင့် ထိုသို့ရောင်းချခဲ့ပါက အဆိုပါအရောင်းအဝယ်သည် အဟောသိကံ ပျက်ပြယ်နေသော အရောင်းအဝယ်ဖြစ်သည်။ ထိုသို့ အခြားသူအား ထပ်ဆင့်ရောင်းချခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ဝသုန်ဖြိုးနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၇၀၃)**
**အမှတ်(၂၃၀၃)၊ ဓမ္မာရုံလမ်း၊ (၁၂)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၉၄၃၂၉၇၄၊ ၀၉-၄၂၁၇၁၇၉၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်(၃)၊ အကွက်အမှတ်(၂၆)၊ ကျိုက်ဗောဓိ မြောက်ကွက်၊ ဦးပိုင်အမှတ်(၃၂/က)၊ မောင်စံညွန့်၊ မောင်ကြီး၊ အပ္ပဒူဝါဟစ်၊ ရှရစ်၊ ရဟီမာဘီအမည်ပေါက်(မြို့မြေ)အတွင်းမှ အကျယ်အဝန်း(အလျား ၂၀ x အနံ ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးမြင့်(ဘ)ဦးဟာရှင်[၁၂/သလန(နိုင်)၀၆၉၄၁၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၁၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း)သန်လျင်ခရိုင် တရားရုံးရှေ့၊**
**အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်တွက်၊ သန်လျင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်-၈၂၆၊ ဦးပိုင်အမှတ်-၅၆-က/၈၄လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးအကိန်း(ခ)ဦးတင်ရွှေ[၉/မရမ(နိုင်)၀၈၁၁၀၅]မှ သမီးများဖြစ်သော ဒေါ်ခင်သန်းချို၊ ဒေါ်လိန်လိန်၊ ဒေါ်လွင်လွင်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေး စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်-၈၂၆၊ ဦးပိုင်အမှတ်-၅၃+၆၃/၈၄လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးထွန်းရင်ကွယ်လွန်၍ အမွေဆက်ခံသူ ဒေါ်ခင်စိန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၂၈/ ၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဖခင် ဦးအကိန်း(ခ) ဦးတင်ရွှေ[၉/မရမ(နိုင်)၀၈၁၁၀၅]မှ သမီးများဖြစ်သော ဒေါ်ခင်သန်းချို၊ ဒေါ်လိန်လိန်၊ ဒေါ်လွင်လွင်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အပေး စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၄၇)၊ ၃-လွှာ(တိုက်ကို မျက်နှာမူလျှင် ညာဘက်)၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုယုကြည်[၁၄/လပတ(နိုင်)၀၄၆၀၃၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းချောင်း(၂)လမ်း၊ တိုက်အမှတ်(၁၀)၊ (၆)လွှာဘီ၊ ခြေရင်းခန်း၊ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်စာချုပ် အဆက်ဆက်ဖြင့် ဒေါ်တင်တင်မိုး[၁၂/စခန(နိုင်)၀၃၂၀၆၆]နှင့် ဒေါ်သန်းသန်းအေး[၁၂/စခန(နိုင်)၀၃၂၃၄၁]တို့မှ မိမိတို့သာ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အဆိုပြုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဇာခြည်မြင့်[၁၂/ကမတ(နိုင်)၀၅၆၇၅၁]မှ အပိုင်ဝယ်ယူရန် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်စင်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၃)**
**အမှတ်(၂၈)၊ ပထပ်၊ အေးလမ်း၊ စော/ရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၁၁၄၀၁၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ပါရမီလမ်းနှင့်ရတနာလမ်းထောင့်၊ အမှတ်(လျှောက်ထားဆဲ) မြေအကျယ်အဝန်း(၁၀)ဧကရှိ ဦးဘရင်ဖြိုး[၁၀/ဘလန(နိုင်)၀၈၉၃၆၁] အမည်ပေါက် ဥယျာဉ်ခြံမြေ အမျိုးအစားမြေကွက်အနက်မှ အကျယ်အဝန်း(၉၀ပေx၉၀ပေ)မြေကွက်အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မာလာရီ[၁၂/စခန(နိုင်)၀၂၈၉၄၅]မှ(၂၀၁၃) ခုနှစ်ကတည်းက တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ ပျောက်ဆုံးနေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ မသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်း ရောင်းချခြင်းများမပြုလုပ်ရန် ကန့်ကွက်တားမြစ်လိုက်ပါသည်။ တားမြစ်လျက်နှင့် အရောင်းအဝယ်ဆက်လက်ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာ ဖြစ်ပါကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးတားမြစ် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြတ်ဆွေ(LL.B,D.I.P.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၆၃)**
**အမှတ်-၃၅(က)၊ ပထမထပ်၊ သုမနလမ်း၊ ရန်ပြေ(၃)ရပ်ကွက်**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၄၂၇၂၉၀၇၊ ၀၉-၉၆၀၆၆၀၆၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၆၀)၊ ၆၃(ဘီ)လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ငွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၂၉/၂၀၁၆)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်နိုင်ဦး[၉/မနမ(နိုင်) ၀၆၃၇၉၂]က အမှုတွဲအမှတ် (၃၂၆၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်-ခ-၄၊ ဦးပိုင်အမှတ်-၁၄၊ ၄၁(A)လမ်း၊ ၆၅x၆၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးခင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၂၅/ ၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေသီခင်[၁/မညန(နိုင်)၀၀၀၂၈၇]က အမှုတွဲအမှတ်(၃၂၄၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းကြည်၏သား ဦးမျိုးဝင်း [၁၂/လသန(နိုင်) ၀၀၁၀၉၂]၏ နိုင်ငံကူးလက်မှတ် (နံပါတ် ME-125401) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၆၅၂၂၅၉၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်-(၅၉၈)၊ ဦးပိုင်အမှတ်-(၄၇)၂၈လမ်း၊ ၈၄x၈၃လမ်းကြားရှိ ဒေါ်သန်းမြင့်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၁၉၀၂/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးရှင့်ခင် [၁၂/ရကန(နိုင်)၀၃၀၀၀၀]၊ဒေါ်ငြေးတင့်တင့်ထိုက်[၉/မရမ(နိုင်)၀၀၁၀၂၅]တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေ ရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၂)၊ ဦးပိုင်အမှတ်-(၆၁+၆၂)၊ ၅၆ လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငယ်ငယ်မြင့်[၈/ရစက(နိုင်)၁၀၁၀၃၄]က အမှုတွဲအမှတ်(၃၂၄၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၄၃+၄၄)၊ ၈၁-လမ်း၊ ၁၁x၁၂လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းဦး[၁/မညန(နိုင်)၀၂၃၇၄၄]က အမှုတွဲအမှတ်(၃၂၆၆/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ခနောင်တိုဘုရားကျောင်းရပ်ကွက်၊ အမှတ်-၈၊ ခနောင်တိုမြို့၊ မြေတိုင်းရပ်ကွက် အမှတ်-၈၊ မြေကွက်အမှတ်-၈၉၊ ဧရိယာ (၆၀ ပေ x ၈၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်သူ **ဦးဇော်ငွေ** (၁၂/ကမန (နိုင်) ၀၀၅၈၄၆) က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ် မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းပိုလ်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၄)
တိုက် - ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၅၁၅၄၇၀၉

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၃၃-န/၄)၊ ၁၇လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်[၉/မနမ(နိုင်)၀၃၉၂၄၇]က အမှုတွဲအမှတ် (၃၂၅၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၃)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးထွန်းထွန်းဝင်း[၁၂/သကတ(နိုင်)၁၅၀၈၂၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မိုးမိုးအေး[၁၂/မရက(နိုင်)၀၀၅၀၃၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၆၅၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်အေးအေးသန်း(PRE-၁၃၂၆၆၇)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကွန်ကျိုင်း [၁၃/တကန(နိုင်)၀၆၈၅၄၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၆၅၁)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်မြင့်မြင့်တင်[၁၂/စခန(နိုင်)၀၂၅၀၅၀]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကွန်ကျိုင်း[၁၃/တကန(နိုင်)၀၆၈၅၄၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီ(ခ)ဒေါ်ခင်နှင်းရီ
## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး၊ (ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၈၂)၊ မြေညီထပ်နေ (ဦးဘမောင်-ဒေါ်သိန်းမြ)တို့၏ သမီး၊ ဦးတင်မောင်(ကိုဖိုးအေး-မြန်မာ့အသံ)၏ ဇနီး၊ (ဦးဝင်းကြည်)-ဒေါ်မိုးမိုး၊ (ဦးခင်မောင်သန့်)-ဒေါ်အေးအေးမူ၊ (ဦးဇော်ဝင်းအောင်)-ဒေါ်တိုးတိုး၊ ဦးမိုးဟိန်း -ဒေါ်မျိုးမမဇော်၊ ဦးဆန်းလင်း[ဒုတိယဥက္ကဋ္ဌ-ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)] [ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း]-ဒေါ်ချိုချိုအောင်တို့၏ မိခင်ကြီး၊ မြေး ရှစ် ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၁၁-၂၀၂၅ (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၃-၁၁-၂၀၂၅ (တနင်္လာနေ့)၊ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၂၅ (သောကြာနေ့)၊ နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပေးပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မော်ဆွီး
## အသက် (၆၀) နှစ်

ချင်းပြည်နယ်၊ ဖလမ်းမြို့နေ(ဦးရာလ်လိန်း)-ဒေါ်လှေးတဲလ်တို့၏ သမီး၊ ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်နေ ဦးမောင်မောင်ထန်း၏ ချစ်လှစွာသောဇနီး၊ မဝေဝေထွန်း၊ မအေပရယ်ထွန်းနှင့် မောင်ရာလ်ဘွေးထန်းတို့၏ချစ်လှစွာသောမိခင် ဒေါ်မော်ဆွီးသည် ၁-၁၁-၂၀၂၅ရက် (စနေနေ့) ညနေ(၃)နာရီအချိန်တွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မော်ဆွီး
## အသက် (၆၀) နှစ်

သူငယ်ချင်း မောင်မောင်ထန်း ၏ဇနီး၊ ဒေါ်မော်ဆွီး သည် ၁-၁၁-၂၀၂၅ ရက် (စနေနေ့) တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၁) စည်သူတပ်ခွဲမှ သူငယ်ချင်းများ**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြှောင့်လမ်း၊ အမှတ် (၂၀)၊ အကျယ်အဝန်း(၁၅x၃၈)ပေခန့်ရှိ မြေညီထပ် တိုက်မျက်နှာမူလျှင်(ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် စပ်လျဉ်းပြီး အများသိစေရန်**

အဆိုပါ တိုက်ခန်းကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးဇော်ဝင်း [၁၂/သဃက(နိုင်)၀၀၃၀၈၄]ထံမှ** ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်ဇော်ထွန်း[၁၂/တကန(နိုင်) ၁၇၆၈၇၉] နှင့် **ဦးဝင်းမြင့်ထွန်း[၁၂/မဂတ(နိုင်)၁၁၄၈၂၃]**တို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**တိုက်ခန်းဝယ်ယူထားသူ ဦးဇော်ဇော်ထွန်းနှင့် ဦးဝင်းမြင့်ထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044, 09-250674940**

**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ သိင်္ဂီလမ်း၊ မြေကွက်အမှတ်(၁၄၃)၊ အကျယ်အဝန်းပေ(၄၁x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိသော အကျိုးခံစားခွင့်အားလုံးတို့၏ အမည်ပေါက်သူ ဦးသာဆန်း[၁၂/တမန(နိုင်)၀၉၃၅၃၁]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ လက်ရှိပိုင်ဆိုင်သူ ဦးသန်းထွန်းဝင်းမှ အဆက်အစပ်စာချုပ်စာတမ်းများဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိရာ အထက်ပါ အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ပါသည်။ ယင်းမြေကွက်အားကျွန်ုပ်၏မိတ်ဆွေ ဦးအေးနိုင်[၁၂/မရက(နိုင်)၀၆၁၀၇၃]ကိုင်ဆောင်သူမှ (၂၇-၁၀-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း (ဂရန်)အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ယင်းအိမ်ခြံမြေ အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြင့်ခိုင် (LL.B,D.B.L)** **ဒေါ်နန့်အိဆုမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၂၂)** **အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၁)**
**အမှတ်(၃၆၅)၊ သမာဓိ(၂)လမ်း၊ (၃၉/B)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-422464007,09-795598060**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးသောင်းရှိန်း(ခ)မိုးသူရှိန်း B.Sc(Botany)
**[MEHS ဒဂုံ(၁)ကျောင်းသားဟောင်း]**
## အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ၊ Tower A၊ အခန်း(၁၆၁၈)နေ (ဗိုလ်မှူးကြီးရှိန်း-ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ)တို့၏သားကြီး၊ (ဦးစိုးဝင်း-ဒေါ်သန်းရွှေ)တို့၏သားသမက်၊ ဒေါ်သန်းသန်းဝင်း(ခ)နီတာဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ ဦးသိန်းဇော်-ဒေါက်တာဒေါ်အေးအေးရှိန်း၊ ဦးအောင်ကျော်ရှိန်း-ဒေါ်အိအိသွင်၊ (ဦးကျော်သူရှိန်း)-ဒေါ်ခင်ပြုံးရီ၊ (ဦးခိုင်ထူးရှိန်း)-ဒေါ်ကေသီထွန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်ချိုချိုတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မသီရိရှိန်း၊ ကိုဇော်လင်းရှိန်းတို့၏ ချစ်လှစွာသောဖခင်၊ မဖြူရည်မွန်သန့်၊ မောင်ရသရှိန်းတို့၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဦးသောင်းရှိန်းသည် ၁-၁၁-၂၀၂၅ (စနေနေ့) နံနက် ၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁-၁၁-၂၀၂၅(စနေနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ကောင်းမွန်စွာသဂြိုဟ်ပြီးစီးကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများအား ညှိုးငယ်စွာဖြင့် အသိပေးကြေညာအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၂၅ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ချို
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉)၊ သုံးမြှောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစောလွင်-ဒေါ်ခင်လှ)တို့၏ သမီး ချွေးမ၊ [ဦးခင်မောင်ချို (အာကာထွန်းလီမိတက်)-ဒေါ်သန်းကြည်]တို့၏ သမီးကြီး၊ (ဦးစိန်ဝင်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ထွဋ်မင်း-ဒေါ်နန့်ဟယ်လင်၊ ဦးဇော်လင်းထွဋ်-ဒေါ်တင်ဇာဝင့် တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ အိမြတ်မွန်၊ မေသွန်းခတို့၏ ဘွားဘွားကြီးသည် ၃၁-၁၀-၂၀၂၅ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-H)၊ မြေကွက်အမှတ်(V-၁၀)၊ ဧရိယာ(၀.၀၂၉)ဧက၊ အကျယ်အဝန်း( ၂၅' ၆"x၅၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ် (၁)လမ်း၊ အမှတ် (၄)ဟု ခေါ်တွင်သည့် မြေအိမ် အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်နှင့်အိမ်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဥပဒေနှင့် အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးငွေးအောင် (ခ) ဆော်ယစ်အာလန် [၁၂/မဂတ(နိုင်)၀၆၉၁၁၁]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေအိမ် အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်အိမ်အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044, 09-250674940**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊၂၃၊၂၆၊၂၈ (မင်းခမ္မ)၊ မြေကွက်အမှတ်(၁၀၀/ဂျေ)၊ အကျယ်အဝန်း(၀.၉)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော ဂရန်စာအုပ်တွင် Ayeyar Hinthar Holdings Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၇၉၃၉၄၉)အမည်ဖြင့် မှတ်သားထားပါသည်။ အထက်တွင်ဖော်ပြထားသောပစ္စည်းအား ကုမ္ပဏီ၏ခွင့်ပြုချက်ရသူ ဦးနေနေလွှမ်းမိုး[၁၄/ဟသတ(နိုင်)၀၀၃၈၁၈]မှ ရောင်းချခြင်းဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသော ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေး (လ/ထ မန်နေဂျာ အငြိမ်းစား)
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
## အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၇၈၇)၊ မြေညီထပ်နေ (ဦးညိုသေး-ဒေါ်စောမြိုင်)တို့၏သား၊ (ဦးသာစည်-ဒေါ်အေးရှင်)တို့၏သားသမက်၊ (ဦးမြင့်ဝေ)၊ ဦးငွေထွန်း-ဒေါ်အေးအေးသန်း၊ (ဦးစိုးဝင်း)-ဒေါ်အေးအေးလွင်၊ ဦးသိန်းထွန်း-ဒေါ်သင်းသင်းအေး၊ ဦးရွှေမြသိန်း-ဒေါ်ချိုချိုသန်း၊ ဦးခင်မောင်ကျော်-ဒေါ်စန်းစန်းဌေး၊ ဦးမင်းမင်းဇော်၊ (ဦးမင်းအောင်ထိ)-ဒေါ်မဉ္ဇူအေး တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၁၈)ယောက်၊ မြစ်(၈)ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး၊ (ဒေါ်သန်းညွန့်) ၏ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၁၀-၂၀၂၅(သောကြာနေ့) ညနေ ၅:၅၃ နာရီတွင် Aryu International Hospital ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄-၁၁-၂၀၂၅(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၂၅ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-မ-၆၀၊ ဦးပိုင်အမှတ်(၄၆)၊ ၃၈လမ်း၊ ၅၇x၅၈ လမ်းကြားရှိဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဆွေဖိန်း[၁/မညန(နိုင်)၀၇၁၉၄၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"**

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၂၄/အေဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၄/အေ၊ မြေကွက်အမှတ်-၄ အိုင် ၁၊ ဧရိယာ(၀. ၈၂၁)ဧက အကျယ်အဝန်းရှိ ဦးသက်နိုင်ဦး[၁၂/ဗဟန(နိုင်)၀၈၂၃၇၂] အမည်ပေါက်၊ ဂရန်ရှိမြေပိုင်မြေ အမျိုးအစားမြေကွက်ပေါ်တွင် Grand Landmark Development Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် The Prince Business Hub ရှိ The Crown Shop House, Plot No.2၊ မြေဧရိယာ(၃၃ ပေ x ၆၀ ပေ)၊ စတုရန်းပေ(၁၉၈၀)ရှိ တရားဝင်ခွဲစိတ်ခွင့် လျှောက်ထားဆဲ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်း၊ Times City Complex Building (3) 15th Floor တွင် တည်ထောင်ဖွင့်လှစ်ထားသည့် Grand Landmark Development Co.,Ltd၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၂၂၉၂၅၂၁ ၏ကိုယ်စား(၁-၇-၂၀၂၅)ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကျော်ကျော်မိုး[၆/မအရ(နိုင်)၀၀၀၃၃၃]၊ ရာထူး-CEO က ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့်** အပိုင်ဝယ်ယူသူများ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် မြေကွက်ခွဲစိတ်ပေးခြင်း အပါအဝင် လိုအပ်သည့် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များအားလုံးကို ပြီးစီးသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းယုဇနလှိုင်(LL.B)** **ဒေါ်သိမ့်သိမ့်စိုးဟန်(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၄၀)တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၈)**
**အမှတ်-၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၄၂၁၃၃၊ ၀၉-၉၇၉၉၅၅၁၁၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်-(၉-၃/၂/၅၅) ၁၉လမ်း xဒေါနဘွားကားကွင်းလမ်း၊ ၆၀လမ်းxမြို့ပတ်လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်တိုး[၉/မနမ(နိုင်)၀၆၂၀၁၈]၊ ဒေါ်မိုး[၉/မနမ(နိုင်)၀၆၂၃၅၇]၊ ဒေါ်စိုး[၉/မနမ(နိုင်)၀၆၂၃၅၆]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်-၆၂၁၊ ဦးပိုင်အမှတ်-၃/၂၉x၃၀လမ်းကြား၊ ၇၉x၈၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မိခင် ဒေါ်လီရင်(ခ)ဒေါ်ရှမ်း[၉/မရမ(နိုင်)၀၈၁၁၀၆]မှ သား၊ သမီးများဖြစ်သော ဦးနောင်နောင်လတ်၊ ဒေါ်လိန်လိန်တို့အား ပေးကမ်းမည် ဖြစ်ပါသဖြင့် အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်-၁၂၄၊ ဦးပိုင်အမှတ်-၇၀၊ ၁၉x၂၀ကြား၊ ၈၇x၈၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဂျိုင်အင်တီးကူမာရီ[၁/မကန(နိုင်) ၁၀၄၆၄၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၇၁၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းအိုက်လုမ်[၁၃/နခန(နိုင်)၀၆၅၄၀၄]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး၊ မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။



❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊မေ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားမှ ရှုခင်းကြည့် (Sight Seeing) အပျော်စီးရထားကို တောင်ကြီး-ပေါ်မူ-တောင်ကြီး ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ စတင်ပြေးဆွဲလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၁ ရက်မှစတင်၍ ၄ ရက်အထိ ပြေးဆွဲပေးလျက်ရှိသည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်မှာ (၁၁ ဒသမ ၄၁)မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်ကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးပြီး ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့်ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်းသုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး ရထားစီးခရီးသည် အထက်တန်း ၃၆ ဦး၊ ရိုးရိုးတန်း ၇၂ ဦး စုစုပေါင်း ၁၀၈ ဦး လိုက်ပါစီးနင်းကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖





အော့စ်ဘတ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြု Falcon အသင်း အုပ်စုဒုတိယရပြီး တတိယနေရာလုပွဲ ကစားရမည်

ရန်ကုန် နိုဝင်ဘာ ၁

ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားပြု Falcon အသင်း အုပ်စုဒုတိယရရှိပြီး တတိယလုပွဲကစားရမည်ဖြစ်သည်။

Falcon အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Falcon အသင်းအတွက် ဂိုးများကို စိုင်းမြတ်မင်းနှင့် ညီညီသန့်တို့က သွင်းယူခဲ့သည်။

ယင်းပြိုင်ပွဲကို လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးအသင်းကဗိုလ်လုပွဲ၊ ဒုတိယနေရာရအသင်းများက တတိယလုပွဲ၊ တတိယနေရာရအသင်းများက အဆင့်(၅)နေရာလုပွဲ ကစားရခြင်းဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ❋

## အော့စ်ဘတ်အသင်းကို အနိုင်ရပြီး ဒေါ့မွန်အသင်း အမှတ်ပေးဇယားအဆင့်(၂)နေရာ တက်လှမ်း

ဒေါ့မွန်အသင်းဟာ အောက်တိုဘာ ၃၁ ရက်ညပိုင်းက အော့စ်ဘတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ အော့စ်ဘတ်အသင်းကို ပထမပိုင်းပွဲကစားချိန် ၃၇ မိနစ်မှာ သွင်းယူခဲ့တဲ့ ဂွီရက်ဆိုင်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❋

**ယနေ့ ဖတ်စရာ**

ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ » ၁၁

အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘုရားကျောင်းတစ်ခု၌ လူအုပ်ပြိုကျမှုဖြစ်ပွား၊ အနည်းဆုံး ၁၀ ဦးသေဆုံး စာမျက်နှာ » ၁၃

တန်ဆောင်တိုင်ပိတ်ရက်ကာလအတွင်း ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီလျက်ရှိသည့် မြင်းလှည်းဖြင့် ခရီးသွားလာနိုင်ရန် အစီးရေ ၆၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးသွားမည် စာမျက်နှာ » ၁၇

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ စာမျက်နှာ » ၂၀